# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇန်နဝါရီလ ၂၀၂၅ ခုနှစ်

HURFOM

Human Right Foundation of Monland January 2025

## ခြုံငုံသုံးသပ်ခြင်းနှင့် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း အကျဉ်းချုပ်

# မအောင်မြင်သည့်အာဏာသိမ်းမှု (၅) နှစ်တာကာလအတွင်း မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် လွတ်လပ်မှုများ ဆက်လက်ယိုယွင်းကျဆင်းနေသည်။

**ဇန်နဝါရီလ ၂၀၂၅**

၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ စတင်ခဲ့သည့် မအောင်မြင်သောအာဏာသိမ်းမှုသည် (၄) နှစ် ကျော်လွန်လာခဲ့ပြီ ဖြစ်သည်။ ထိုကာလအတွင်း ဖြစ်ပွားခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မနားမနေမှတ်တမ်းတင်ခဲ့သည်။ လူ့အခွင့်အရေး ကာကွယ်သူများကို ခန့်အပ်ခြင်း၊ ကွန်ရက်များတည်ထောင်ခြင်း၊ သတင်းအချက်အလက်ကောက်ခံမှုများကို တိကျမှန်ကန်ပြီး ယုံကြည်ဖွယ်ဖြစ်အောင် လုပ်ဆောင်ခြင်းနှင့် စေတနာ့ဝန်ထမ်း အဖွဲ့ဝင်များကို သင်တန်းပေးခြင်းများကို မဆုတ်မနစ်လုပ်ဆောင်လာခဲ့သည်။

မြန်မာနိုင်ငံတောင်ပိုင်းတွင် တိုက်ပွဲများ ဆက်လက်ပြင်းထန်နေခြင်းက လူ့အခွင့်အရေးချိုးဖောက်မှု များကို ပိုမိုဆိုးရွားစေသည်။ ပြည်သူလူထုကို ပစ်မှတ်ထားသည့် အကြမ်းဖက်မှုများ ကျယ်ကျယ် ပြန့်ပြန့်ဖြစ်ပွားနေသည်။ လွန်ခဲ့သောနှစ် တစ်နှစ်တာလုံးတွင် ထွက်ပြေးတိမ်းရှောင်ရမှုများ အများအပြားဖြစ်ပွားခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းများ ဖြစ်ပေါ်ခဲ့သည်။ ဒေသခံပြည်သူ သန်းနှင့်ချီ၍ စစ်ဘေးရှောင်ခဲ့ရသည်။ ၂၀၂၄ ဒီဇင်ဘာလတွင် မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဒေသများဖြစ်သည့် မွန်၊ ကရင်နှင့် တနင်္သာရီဒေသ၌ ဒေသခံပြည်သူ အနည်းဆုံး (၆၃,၀၀၀) ကျော် အိုးအိမ်စွန့်ခွာထွက်ပြေးခဲ့ရသည်။ ယခုလတွင် စစ်ရှောင်နေရသူဦးရေသည် (၇၃,၅၀၀) အထိ မြင့်တက်လာသည်။

ဆေးကုသမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုတွင်လည်း အသက်ဆုံးရှုံးရသည့်အခြေအနေ ရောက်သည်အထိ ဆေးဝါးများပြတ်လပ်နေသည်။ အထူးသဖြင့် ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ ဆိုးရွားလျက်ရှိသည်။ ပညာရေးတွင်လည်း အလားတူပင် အခြေအနေများ ဆိုးရွားလျက်ရှိသည်။ သက်မွေးဝမ်းကျောင်းမှု အခွင့်အလမ်းများသည် အထူးသဖြင့် ကျေးလက်ဒေသတွင် မရှိသလောက်ပင် နည်းပါးလာသည်။ ဒေသခံပြည်သူများသည် မရေတွက်နိုင်သော စီးပွားရေးဆုံးရှုံးမှုများကို ရင်ဆိုင်ကြုံတွေ့နေရပြီး စိုးရိမ်ပူပန်မှုပြည့်နေသည့် အနာဂတ်နေ့ရက်များတွင် ဆက်လက်ရှင်သန်နိုင်ရန် အပြင်းအထန်ရုန်းကန်နေရသည်။

ယခုနှစ်အတွင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက စစ်မှုထမ်းသင်တန်းသား အဓမ္မ စုဆောင်းခြင်းနှင့် ပဋိပက္ခဒေသအတွင်းရှိ လိင်အကြမ်းဖက်မှုများနှင့်ပတ်သက်ပြီး အစီရင်ခံစာများ၊ လစဉ်နှင့် အပတ်စဉ်စာစောင်များ ထုတ်ဝေခဲ့ပြီး စီမံကိန်းဧရိယာများတွင် လူ့အခွင့်အရေးချိုးဖောက်မှု ဆိုးဆိုးရွားရွားဖြစ်ပွားနေသည်ကို သတိပေးခေါင်းလောင်းထိုး တင်ပြခဲ့သည်။

ပကတိမြေပြင်တွင် ဖြစ်ပျက်နေသည့်အခြေအနေများကို ကမ္ဘာကြီးက သတိမူမိစေရန်အတွက် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက တာဝန်သိစွာဖြင့် ကြိုးပမ်းလုပ်ဆောင်နေပြီး စစ်ကောင်စီက အပြစ်မဲ့ပြည်သူများအပေါ် အကြမ်းဖက်နေမှုများ ချက်ချင်းရပ်တန့်ရန်အတွက် လိုအပ်သည့်အရေးယူမှုများ လုပ်ဆောင်ရန်

## ဇန်နဝါရီလ ၂၀၂၅

တိုက်တွန်းသည်။ အဆိုပါတိုက်တွန်းချက်တွင် စစ်ကောင်စီက ယခုနှစ်ကုန်တွင်ကျင်းပမည့် အတုအယောင်ရွေးကောက်ပွဲကို နိုင်ငံတကာ အသိုင်းအဝိုင်းက အသိအမှတ်မပြုဘဲ ရှုတ်ချရန်လည်း ပါဝင်သည်။

အတုအယောင်ရွေးကောက်ပွဲ ဖြစ်မြောက်ရန်အတွက် စစ်ကောင်စီက သန်းခေါင်စာရင်းကို နိုင်ငံတဝန်းလုံးရှိ တိုင်းနှင့်ပြည်နယ်များတွင် ရည်ရွယ်ချက်ရှိရှိ ကောက်ခံခဲ့သည်။ ၎င်းတို့၏ လုပ်ငန်းစဉ်များတွင် လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးကို ဖိနှိပ်ခြင်း၊ နိုင်ငံရေးဆိုင်ရာ လွတ်လပ်ခွင့်များကို ပိတ်ပင်ခြင်းနှင့် စစ်ကောင်စီကို အာဏာထိန်းချုပ်မှု ပိုမိုရရှိစေခြင်းတို့ ပါဝင်သည်။

၎င်းပြင် စစ်ကောင်စီက စစ်အင်အားကို ဆက်လက်တိုးချဲ့နေပြီး တပ်ဖွဲ့ဝင်များကို တိုးမြှင့်ခန့်အပ်နေသည်။ စစ်တပ်ကို အားပေးထောက်ခံသည့်အဖွဲ့များကို အင်အားဖြည့်တင်းပေးပြီး ကျေးရွာများကို ထိန်းချုပ်စေသည်။ အကျိုးဆက်အားဖြင့် ပြည်သူလူထုကို ခြိမ်းခြောက်မှုများ ပိုမိုများပြားလာပြီး သက်မွေးဝမ်းကျောင်းမှုနှင့် ခရီးသွားလာမှုများအပေါ် အပြင်းအထန် တင်းကြပ်လာသည်။ ပြည်သူတို့၏ အိုးအိမ်စည်းစိမ်ကို ဖျက်ဆီးမှုများလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လာသည်။

စစ်ကောင်စီကမူ နိုင်ငံရေးအကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းကို ချွေးသိပ်ထားသည်။ လွတ်ငြိမ်းချမ်းသာမှုပေးခြင်းဖြစ်စဉ်သည် ပွင့်လင်းမြင်သာမှု မရှိသည့်အပြင် မူလကတည်းက ထောင်ဒဏ်ကျခံရန် မထိုက်တန်သူများကို ပြန်လည်လွှတ်ပေးခြင်းဖြင့် နိုင်ငံရေးအမြတ်ထုတ်နေသည်။ ၎င်းပြင် နိုင်ငံရေးအကျဉ်းသားများကို လွတ်ငြိမ်းခွင့်ပေးသည့် အရေအတွက်ကိုလည်း ပကတိအရေအတွက်ထက် ပိုမိုထုတ်ပြန်ခဲ့သည်။

မွန်ပြည်နယ်တစ်ခုတည်းတွင် အကျဉ်းသား (၂၅၄) ဦး လွတ်ငြိမ်းချမ်းသာခွင့်ရခဲ့သည်။ သို့သော် နိုင်ငံရေးအကျဉ်းသား (၆) ဦးသာ ပါဝင်ခဲ့သည်။ ကျိုက်မရောဇဟိုအကျဉ်းထောင်မှ (၅) ဦးနှင့် သထုံအကျဉ်းထောင်မှ (၁) ဦးတို့ ဖြစ်သည်။

(၇၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကောင်စီက နိုင်ငံတဝန်းလုံးရှိ အကျဉ်းသား (၅,၈၆၄) ဦးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့သည်။ ၎င်းအရေအတွက်တွင် နိုင်ငံရေးသမားများကို ဖမ်းဆီးထောင်ချရာတွင် အဓိကအသုံးပြုသည့် ပုဒ်မ (၅၀၅) ဖြင့် ဖမ်းဆီးထိန်းသိမ်းခံရသူ (၆၀၀) ကျော် ပါဝင်ကြောင်း စစ်ကောင်စီပြောခွင့်ရ ဗိုလ်ချုပ်ဇော်မင်းထွန်းက ပြောသည်။

မြန်မာနိုင်ငံနိုင်ငံရေးအကျဉ်းသားများကွန်ရက် (PPNM) ၏ ထုတ်ပြန်ချက်အရ အထက်ပါ အရေအတွက်၏ တစ်ဝက်လောက်ကိုသာ စစ်ကောင်စီက လွှတ်ပေးခဲ့ကြောင်း သိရသည်။

**“ကျွန်တော်တို့ရဲ့မှတ်တမ်းအရတော့ စစ်ကောင်စီက ပြောထားတဲ့ အရေအတွက်နဲ့ အမှန်တကယ် လွှတ်ပေးတဲ့ အရေအတွက်က တော်တော့်ကို ကွာနေတယ်။ ဒါက နိုင်ငံရေးအမြတ်ထုတ်တာပဲ။ ကျွန်တော်တို့ အတည်ပြုထားတဲ့စာရင်းအရတော့ သထုံအကျဉ်းထောင်ကနေ နိုင်ကျဉ်း (၁) ယောက်ပဲ လွတ်လာတယ်။ ကျိုက်မရောထောင်ကနေ (၅) ယောက် လွတ်တယ်”** ဟု မြန်မာနိုင်ငံနိုင်ငံရေးအကျဉ်းသားများကွန်ရက်မှ ကိုသိုက်ထွန်းဦးက ပြောသည်။

ကျိုက်မရောဇဟိုအကျဉ်းထောင်မှ လွတ်ငြိမ်းချမ်းသာခွင့်စာရင်းတွင် အမျိုးသား (၁၂) ဦးနှင့် အမျိုးသမီး (၂) ဦးတို့ ပါဝင်သည်။ အမျိုးသား (၃) ဦးနှင့် အမျိုးသမီး (၁) ဦးသာ ပုဒ်မ (၅၀၅) ဖြင့် ပြစ်ဒဏ်ကျခံနေရသူများ ဖြစ်သည်။

မွန်ပြည်နယ်တွင် လွတ်ငြိမ်းချမ်းသာခွင့်ရသူများစာရင်းသည် အောက်ပါအတိုင်း ဖြစ်သည်။

ကျိုက်မရောဗဟိုအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား (၅) ဦးအပါအဝင် အကျဉ်းသားအကျဉ်းသူ (၁၄) ဦး၊ သထုံအကျဉ်းထောင်မှ နိုင်ငံရေးအကျဉ်းသား (၁) ဦး အပါအဝင် အကျဉ်းသားအကျဉ်းသူ (၃၆) ဦး၊ ရင်းငြိမ်ရဲဘက်စခန်းမှ အကျဉ်းသားအကျဉ်းသူ (၂၆) ဦး၊ ဇင်းကျိုက်ရဲဘက်စခန်းမှ အကျဉ်းသားအကျဉ်းသူ (၁၈) ဦး၊ အင်ဖြောင်းရဲဘက်စခန်းမှ အကျဉ်းသားအကျဉ်းသူ (၈) ဦး၊ မုပ္ပလင်အမျိုးသားစက်ရုံရဲဘက်စခန်းမှ အကျဉ်းသားအကျဉ်းသူ (၃၇) ဦး၊ မုပ္ပလင်အမျိုးသမီးစက်ရုံ ရဲဘက်စခန်းမှ အကျဉ်းသားအကျဉ်းသူ (၄၃) ဦးနှင့် အင်္ဂတို(ရွှေဖြူ) ရာဘာခြံရဲဘက်စခန်းမှ အကျဉ်းသားအကျဉ်းသူ (၈) ဦးတို့ လွတ်ငြိမ်းခွင့်ရခဲ့သည်။

စစ်ကောင်စီက အမျိုးမျိုးပြောဆိုနေသော်လည်း လွတ်ငြိမ်းချမ်းသာပေးခြင်းသည် မည်သည့် အားထုတ်မှုမှ အထူးပြုလုပ်ရန်မလိုဘဲ နိုင်ငံတကာတွင် မျက်နှာပန်းလှစေသည့်ကိစ္စ ဖြစ်သည်။ နိုင်ငံတဝန်းရှိအကျဉ်းထောင်များတွင် မတရားအကျဉ်းချခံထားရသူများ၏ အရေအတွက်နှင့် နှိုင်းစာပါက လွတ်ငြိမ်းခွင့်ရလာသည့် အရေအတွက်သည် အလွန်အမင်းနည်းပါးနေသည်။

မြန်မာနိုင်ငံ၏ အခြေအနေသည် လက်ရှိထက် ပိုမိုဆိုးရွားလာနိုင်သည့် အန္တရာယ်ရှိသော အခြေအနေတွင် ရှိနေသည်။ စစ်တပ်က အာဏာကို အင်အားသုံးအကြမ်းဖက်မှုများနှင့် ဖိနှိပ်မှုများမှတဆင့် ဆက်လက်ဆုပ်ကိုင်ထားရန် ကြိုးစားနေသည်။ နိုင်ငံတကာအသိုင်းအဝိုင်းများ အနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေမှန်ကို သိရှိရန်နှင့် လက်ရှိဖြစ်ပွားနေသည့်ပဋိပက္ခများကိုများ ဖြေရှင်းရာတွင် မှန်ကန်စွာပါဝင်ပတ်သက်နိုင်ရန်အတွက် သတင်းအချက်အလက် ကောက်ခံစုဆောင်းခြင်းနှင့် တိုက်တွန်းစည်းရုံးခြင်း လုပ်ငန်းစဉ်များသည် အဓိကကျသည်။

အကြမ်းဖက်မှုများနှင့် စစ်ရာဇဝတ်မှုများ နောက်ထပ်မဖြစ်ပွားစေရန်အတွက် မြန်မာနိုင်ငံသည် ရာဇဝတ်မှုများအတွက် တရားမျှတမှု ရှာဖွေခြင်း၊ အမှန်တရားကို ဖော်ထုတ်ခြင်း၊ ထိခိုက်နစ်နာခဲ့သူများနှင့် ကျန်ရစ်သူများအတွက် ပြန်လည်ကုစားရေးအစီအစဉ်များ လုပ်ဆောင်ခြင်းနှင့် နိုင်ငံ၏အခြေခံအင်အားစုများကို အနာဂတ်တွင် ပိုမိုတည်ဆောက်ခြင်းများ ပါဝင်သည့် အသွင်ကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု လုပ်ငန်းစဉ်များကို အဆောတလျင် လိုအပ်နေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ နောက်ဆုံးလစဉ်အစီရင်ခံစာတွင် ပါရှိခဲ့သည့်အတိုင်း စီမံကိန်းဧရိယာတွင် အလွန်အမင်းထိခိုက်ခံစားရသည့် အကြမ်းဖက်မှုများကို ပြည်သူလူထုက ဆက်လက်ကြုံတွေ့နေရကြောင်း ဖော်ပြခဲ့သည်။ အဆိုပါတွေ့ရှိချက်ကြောင့်လည်း အထက်ပါ တောင်းဆိုမှုကို ပြုလုပ်ရခြင်း ဖြစ်သည်။ အပြစ်မဲ့ပြည်သူများကို ပစ်မှတ်ထားတိုက်ခိုက်ရန်အတွက် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး လူသားချင်းစာနာ ထောက်ထားမှုအကြပ်အတည်းကို ပိုမိုဆိုးရွားစေခဲ့သည်။

ပြင်းထန်သည့် လက်နက်ကြီးပစ်ခတ်မှုများကြောင့် ဒေသခံပြည်သူများ အသက်သေဆုံးသည်အထိ ဖြစ်ပွားခဲ့သည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်များနှင့် သတင်းအချက်အလက် ရယူပိုင်ခွင့် များသည်လည်း ဆိုးဆိုးရွားရွား ချိုးဖောက်ခံနေရပြီး စစ်ကောင်စီက ၎င်းတို့ရည်မှန်းချက်ပြည့်မြောက်ရန်အတွက် တရားဥပဒေကို လိုသလိုအသုံးချနေသည်။

ဇန်နဝါရီလ (၁) ရက်နေ့တွင် စစ်ကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၄၁၉) အရ ဆိုက်ဘာလုံခြုံရေးဥပဒေ အမှတ် (၁/၂၀၂၅) ကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါဥပဒေတွင် အခန်း (၁၆) ခန်းနှင့် ပုဒ်မ (၈၈) ခု ပါဝင်ပြီး VPN ကို ခွင့်ပြုချက်မရဘဲ အသုံးပြုပါက ပြင်းထန်စွာအပြစ်ပေးနိုင်သည့် ပြဋ္ဌာန်းချက်များ ပါဝင်သည်။ **“အွန်လိုင်းချိုးဖောက်မှုများ”**

## ဇန်နဝါရီလ ၂၀၂၅

ကို ကျူးလွန်ပါက ငွေဒဏ်အပြင် ထောင်ဒဏ်များပါ ချမှတ်ခံရမည် ဖြစ်သည်။ ထောင်ဒဏ် (၆) လအထိ ချမှတ်ခံရနိုင်ပြီး VPN ကို ခွင့်ပြုချက်မရဘဲ အသုံးပြုပါက ငွေကျပ်သိန်း (၂၀) အထိ ချမှတ်ခံရနိုင်သည်။ အွန်လိုင်းလိမ်လည်မှုများ၊ တရားမဝင်လောင်းကစားမှုများနှင့် ခွင့်ပြုချက်မဲ့ ငွေကြေးလွှဲပြောင်းမှုများစသည့် အွန်လိုင်းရာဇဝတ်မှုများအတွက် ပြစ်ဒဏ်များလည်း ပါဝင်ပြီး ထောင်ဒဏ် (၂) နှစ်မှ (၇) နှစ်အထိ ချမှတ်နိုင်သည့်အပြင် ကြီးလေးသောဒဏ်ငွေများလည်း ချမှတ်နိုင်သည်။

နိုင်ငံတော်တည်ငြိမ်ရေးအတွက်လည်းကောင်း၊ ဆိုက်ဘာတိုက်ခိုက်မှုကို ကာကွယ်နိုင်ရေးအတွက် လည်းကောင်း၊ **"အွန်လိုင်းလုပ်ဆောင်ချက်များအားလုံးကို"** ထိန်းချုပ်နိုင်ရန်အတွက်လည်းကောင်း အဆိုပါဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်း စစ်ကောင်စီက ပြောသည်။ သို့သော် အဆိုပါ ဥပဒေသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခြင်းနှင့် သတင်းရယူပိုင်ခွင့်ကို အဓိကပစ်မှတ်ထား လာမည်ကို လူ့အခွင့်အရေးအဖွဲ့များနှင့် ဥပဒေကျွမ်းကျင်သူများက စိုးရိမ်ပူပန် နေသည်။

မော်လမြိုင်မြို့မှ ဥပဒေရေးရာကျွမ်းကျင်သူတစ်ဦးက **"လူမှုကွန်ရက်တွေမှာ ပြောဆိုနေတာတွေကို ထိန်းချုပ်ဖို့အတွက် VPN ဥပဒေကို အလွဲသုံးစားလုပ်နေတာ။ ဆိုက်ဘာလုံခြုံရေးထက် သတင်းစီးဆင်းမှုကို ထိန်းချုပ်ဖို့ပဲ စစ်ကောင်စီက ပိုစိတ်ဝင်စားတယ်"** ဟု ပြောသည်။

ပြစ်ဒဏ်များတွင် ဆိုက်ဘာရာဇဝတ်မှုတွင် အသုံးပြုခဲ့သည့် ပစ္စည်းနှင့် အသုံးအဆောင်များကို နိုင်ငံပိုင်အဖြစ် သိမ်းဆည်းခြင်းအပြင် ပိုင်ဆိုင်မှုများကို ထိန်းချုပ်ခြင်းကိုလည်း ထည့်သွင်းထား သည်။

၂၀၂၁ မအောင်မြင်သည့် အာဏာသိမ်းမှုနောက်ပိုင်း သန်းပေါင်းများစွာသော ပြည်သူများသည် Facebook ကဲ့သို့သော လူမှုကွန်ရက်များကို အသုံးပြုနိုင်ရန်အတွက် VPN ကို လုံးဝမှီခိုနေရသည်။

၂၀၂၄ နှစ်ကုန်ပိုင်းတွင် စစ်ကောင်စီက တရုတ်ကုမ္ပဏီများ၏အကူအညီဖြင့် အင်တာနက် ထိန်းချုပ်မှုကို အရှိန်မြှင့်တင်လာပြီး "အွန်လိုင်းစောင့်ကြည့်မှုများ" ကို ပိုမိုလုပ်ဆောင်လာသည်။ ၎င်းပြင် VPN အသုံးပြုမှုကိုလည်း ပိတ်ပင်ခဲ့သည်။ ထိုသို့ ပိတ်ပင်နေသော်လည်း အခြားရွေးချယ်စရာမရှိသဖြင့် ပြည်သူများသည် လုံခြုံရေးဂိတ်များတွင် အစစ်ဆေးခံရခြင်းနှင့် ငွေညှစ်ခံရခြင်းများကို အံတုကာ VPN များကို ဆက်လက်အသုံးပြုနေရသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဒါရိုက် (Program Director) နိုင်အဲမွန်က "အာဏာသိမ်းပြီးကတည်းက စစ်ကောင်စီက ဆိုက်ဘာလုံခြုံရေးနဲ့ပတ်သက်ပြီး ပေါ်လစီရေးဆွဲတဲ့အခါ၊ ဥပဒေပြဋ္ဌာန်းတဲ့အခါမှာ အာဏာပြပြီး ဝင်ရောက်ထိန်းချုပ်တယ်။ ပြီးတော့ စောင့်ကြည့်မှုတွေ ပိုလုပ်လာတယ်။

"အင်တာနက်ဖြန့်ဝေတဲ့ကုမ္ပဏီတွေကို တိုက်ရိုက်စောင့်ကြည့်တယ်။ အွန်လိုင်းဆက်သွယ်မှုနဲ့ အလုပ်လုပ်နေရတဲ့ သတင်းဌာနတွေနှင့် စီးပွားရေးလုပ်ငန်းတွေဆီကနေ အချက်အလက်တွေ ရယူတယ်။

"ဥပဒေကို ဆိုက်ဘာရာဇဝတ်မှုနဲ့ အွန်လိုင်းမသမာမှုတွေအတွက်လို့ ပြောနေပေမဲ့ တကယ့် တကယ်ကျတော့ လွတ်လပ်စွာပြောဆိုခွင့် ဖိနှိပ်တယ်။ အမှီအခိုကင်းတဲ့သတင်းတွေကို ထိန်းချုပ်တယ်။ ပြည်သူလူထုကို နိုင်ငံတကာအသိုက်အဝန်းနဲ့ ဝေးကွာလာအောင် လုပ်တယ်။ အဲလို သတင်းအမှောင်ချဖို့ ကြိုးစားလာလို့ ပြည်သူတွေက VPN ကို မဖြစ်မနေသုံးလာရတယ်။

**"စစ်ကောင်စီကတော့ VPN သုံးရင် ဖမ်းတယ်၊ ငွေညှစ်တယ်၊ ပြီးတော့ ထောင်နှစ်ရှည်တွေ ချတယ်။ အားလုံးက လူ့အခွင့်အရေးချိုးဖောက်တာတွေချည်းပဲ"** ဟု စစ်ကောင်စီ၏ ဆိုက်ဘာလုံခြုံရေး မူဝါဒနှင့်ပတ်သက်ပြီး ၎င်း၏အမြင်ကို ပြောပြသည်။

## ဇန်နဝါရီလ ၂၀၂၅

လွတ်လပ်သော ဒီမိုကရေစီနိုင်ငံများတွင် ဆိုက်ဘာဥပဒေများသည် ပြည်သူလူထုကို စောင့်ကြည့်ခြင်းထက် ၎င်းတို့၏ အခွင့်အရေးများကို အကာအကွယ်ပေးရန်အတွက် ဖြစ်ကြောင်း နိုင်အဲမွန်က ဆက်ပြောသည်။

"လွတ်လပ်တဲ့နိုင်ငံမှာတော့ ဆိုက်ဘာစည်းမျဉ်းစည်းကမ်းတွေက သတင်းရပိုင်ခွင့်တွေ၊ လွတ်လပ်စွာပြောဆိုခွင့်တွေနဲ့ အွန်လိုင်းအချက်အလက်လုံခြုံမှုတွေ ခိုင်မာစေဖို့အတွက်ပဲ။ ဥပဒေက ပြည်သူတွေကို ကာကွယ်တယ်။ ဖိနှိပ်ဖို့ မဟုတ်ဘူး။ စစ်ကောင်စီရဲ့ ဆိုက်ဘာဥပဒေကတော့ ပြည်သူတွေကို ကမ္ဘာကြီးနဲ့ အဆက်အသွယ်ဖြတ်ဖို့နဲ့ သူတို့ရဲ့ ရာဇဝတ်မှုတွေကို ဖုံးကွယ်ဖို့အတွက် သပ်သပ်ပဲ။ အရပ်သားပြည်သူတွေကို လေကြောင်းနဲ့ တိုက်ခိုက်တာ လက်နက်ကြီးနဲ့ ပစ်ခတ် သတ်ဖြတ်နေတာတွေကို ကမ္ဘာကြီးကို ဖုံးကွယ်ထားဖို့ပဲ။

"ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကလည်း ဒီဥပဒေက အွန်လိုင်းလွတ်လပ်ခွင့်တွေကို အလွန်အမင်းထိန်းချုပ်တယ်ဆိုပြီး အကြိမ်ကြိမ်ပြစ်တင်ရှုတ်ချနေတယ်။ ဖိနှိပ်တဲ့ပုဒ်မတွေကို ဖျက်ပေးဖို့ တောင်းဆိုတယ်။ စစ်ကောင်စီက လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ပိုလုပ်နိုင်ဖို့ ဒီလိုဥပဒေကို အတင်းအကြပ်ပြဋ္ဌာန်းနေတာ။

"အင်တာနက်အသုံးပြုနိုင်ဖို့ သတင်းအချက်အလက်တွေ မျှဝေနိုင်ဖို့က အခြေခံအခွင့်အရေးတွေပဲ။ စစ်တပ်က အကြမ်းဖက်မှုတွေ ရာဇဝတ်မှုတွေ ကျူးလွန်နေတဲ့ ဒီလိုအချိန်ဆို အွန်လိုင်း ပလက်ဖောင်းတစ်ခုကပဲ သတင်းအချက်အလက်တွေကို မျှဝေလို့ ရမယ်။

"ဒီဆိုက်ဘာဥပဒေက လူထုလုံခြုံရေးအတွက် မဟုတ်ဘူး။ စစ်အာဏာရှင်သက်ဆိုးရှည်ဖို့ အတွက်ပဲ။ သူတို့ကို ဆန့်ကျင်တဲ့သူတွေကို နှုတ်ဆိတ်အောင် လုပ်ဖို့နဲ့ ဆက်သွယ်မှုစနစ်အားလုံးကို ထိန်းချုပ်ဖို့အတွက်ပဲ" ဟု နိုင်အဲမွန်က ပြောသည်။

စစ်ကောင်စီ၏ ဆိုက်ဘာဥပဒေက လွတ်လပ်စွာပြောဆိုခွင့်ကို တိုက်ရိုက်ခြိမ်းခြောက်နေကြောင်း၊ မြန်မာနိုင်ငံကို နိုင်ငံတကာစကားဝိုင်းများမှ ဖယ်ထုတ်နေကြောင်း နိုင်အဲမွန်က ပြောသည်။

နိုင်အဲမွန်က "နေ့စဉ်ရက်ဆက်လေကြောင်းတိုက်ခိုက်မှုတွေ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုတွေ ဒရုန်းတိုက်ခိုက်မှုတွေစတဲ့ စစ်ကောင်စီရဲ့ အကြောင်းမဲ့တိုက်ခိုက်မှုတွေကနေ ပြည်သူလူထုကို ကာကွယ်ပေးနိုင်ဖို့ သတင်းအချက်အလက်တွေကို အချိန်နဲ့တပြေးညီ ရရှိနိုင်ဖို့က အရေးကြီးပါတယ်။ ဆက်သွယ်ရေးလမ်းကြောင်းတွေကို ဖြတ်တောက်ပြီး မြန်မာနိုင်ငံအကြောင်းကို ကမ္ဘာက သတိမမူမိအောင် လုပ်ပြီးတော့ စစ်ကောင်စီက စစ်ရာဇဝတ်မှုတွေကို ပေါ်ပေါ်ထင်ထင် ကျူးလွန်ချင်နေတာပါ။ အခုဒီဥပဒေသစ်က သတင်းရယူပိုင်ခွင့်တွေနဲ့ ဆက်သွယ်ပိုင်ခွင့်တွေကို ဖိနှိပ်ဖို့ ရည်ရွယ်တာပါ။ ဒါကိုကြည့်ခြင်းအားဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုတွေနဲ့ စစ်ရာဇဝတ်မှုတွေက ပိုပြီးဖြစ်လာနိုင်တယ်လို့ ထင်မှတ်ရပါတယ်" ဟု သုံးသပ်ပါသည်။

### မတရားဖမ်းဆီးမှုများ

အသက် (၃၀) ကျော်အရွယ် ငါးဖမ်းလုပ်သား (၄) ဦးကို ဇန်နဝါရီလ (၅) ရက်နေ့ နံနက် (၁၁) နာရီအချိန်တွင် တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် စက်တော်ရာ ကျေးရွာရှိ စစ်ကောင်စီ စစ်ဆေးရေးဂိတ်က ဖမ်းဆီးခဲ့သည်။ ၎င်းတို့ကို ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်နွယ်ပတ်သက် သည်ဟု စွပ်စွဲသည်။

၎င်းအမျိုးသားများသည် ငါးဖမ်းလှေတစ်ခုတွင် အလုပ်လုပ်ကိုင်ရန် ထားဝယ်မှ မြိတ်သို့ ထွက်ခွာလာသည့် ခရီးသည်တင်ယာဉ်တစ်စီးကို အတူစီးနင်းလိုက်ပါလာသူများ ဖြစ်သည်။

"စစ်သားပိုစုဆောင်းနိုင်ဖို့အတွက် ဒီလိုပဲ လုပ်နေတယ်။ ငါးဖမ်းလုပ်သားတွေကို ဖမ်းခေါ်မသွားခင်မှာ စစ်ဆေးရေးဂိတ်မှာပဲ ရိုက်နှက်နေတယ်" ဟု မျက်မြင်အမျိုးသားတစ်ဦးက ပြောသည်။

## ဇန်နဝါရီလ ၂၀၂၅

စစ်ကောင်စီတပ်သားများသည် စက်တော်ရာကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် စခန်းချ တပ်စွဲနေပြီး စစ်သားများက အဆိုပါငါးဖမ်းလုပ်သား (၄) ဦးကို ၎င်းတို့စခန်းချသည့် အဆောက်အဦးတွင် ဖမ်းဆီးထိန်းသိမ်းထားသည်ဟု ဆိုသည်။ သို့သော် နေရာအတိအကျကိုမူ မည်သူမျှ မသိရှိရချေ။ စစ်ကောင်စီတပ်က ၂၀၂၃ အောက်တိုဘာလလယ်တွင် စက်တော်ရာ ကျေးရွာကို ဝင်ရောက်စီးနင်းပြီးနောက် စစ်ဆေးရေးဂိတ် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

၂၀၂၃ ဒီဇင်ဘာလတွင် မြို့နယ် (၈) မြို့နယ်မှ ဒေသခံပြည်သူ (၁၇၉) ဦးကို စစ်ကောင်စီက ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ ၎င်းပြင် ထိုင်းနိုင်ငံက ပြန်လည်ပို့ဆောင်ခဲ့သည့် ပြည်သူများ အပါအဝင် ပြည်သူ (၂၁၉) ဦးကိုလည်း စစ်မှုထမ်းအဖြစ် အတင်းအဓမ္မစုဆောင်းခဲ့သည်။

ဇန်နဝါရီလ (၆) ရက်နေ့ညမှ ဇန်နဝါရီလ (၉) ရက်နေ့အထိ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ရေးမြို့ ရန်ကြီးအောင်၊ ရန်မျိုးအောင်၊ အောင်မေတ္တာ၊ အောင်မင်္ဂလာနှင့် ချောင်းတောင် ရပ်ကွက်များတွင် စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ကာ ဒေသခံအမျိုးသား အနည်းဆုံး (၁၀) ဦးကို ဖမ်းဆီးခဲ့သည်။

**"အိမ်တံခါးပိတ်ထားရင် တံခါးဖွင့်ဖို့ စစ်သားတွေက အော်ငေါက်နေတယ်။ ဖွင့်မပေးရင် တံခါးတွေကို ချိုးဖျက်ပြီး ဝင်ကြတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

မှတ်ပုံတင်များနှင့် အိမ်ထောင်စုဇယားများကို စစ်ဆေးသည်။ စစ်ကောင်စီတပ်သားများက ညှော်စာရင်းစစ်သည်ဟု ပြောဆိုသော်လည်း ဒေသခံပြည်သူတချို့ကို ဖမ်းဆီးခဲ့သည်။ ပြန်လည် လွှတ်ပေးခြင်း မရှိသေးချေ။

အောင်မင်္ဂလာရပ်ကွက်မှ အသက် (၄၀) အရွယ် ကိုဇော်မင်းဦးနှင့် အောင်မေတ္တာရပ်ကွက်မှ အခြားအမျိုးသား (၃) ဦးတို့ကို စစ်ကောင်စီက ဖမ်းဆီးပြီး ရေးမြို့မရဲစခန်းတွင် ချုပ်နှောင်ထားကြောင်း အမျိုးသမီးတစ်ဦးက ပြောသည်။

ဖမ်းဆီးမှုများကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများကို အသိမပေးဘဲ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ စစ်ကောင်စီတပ်သားများက စစ်ကား (၅) စီးဖြင့် ရောက်ရှိလာပြီး နေအိမ်များကို စစ်ဆေးကာ ညှော်စာရင်းတိုင်ကြားထားခြင်းရှိမရှိ မေးမြန်းခဲ့သည်။

အင်အား (၄၀) ကျော်ပါရှိသည့် စစ်ကောင်စီတပ်ဖွဲ့က တော်လှန်ရေးအင်အားစုများနှင့် ပတ်သက်သည်ဟု ၎င်းတို့မသင်္ကာသူများကို ဖမ်းဆီးခဲ့သည်။ တချို့ ငွေကြေးဖြင့် ပြန်လည်လွှတ် ပေးခဲ့ပြီး တချို့ကို ရဲစခန်းတွင် ချုပ်နှောင်ထားသည်။

ဖမ်းဆီးခံရသူအရေအတွက်အတိအကျနှင့် ဖမ်းဆီးသည့် အကြောင်းရင်းကို ရှင်းရှင်းလင်းလင်း မသိရချေ။ ဖမ်းဆီးခံရသူများ၏ အမည်နာမနှင့် အချက်အလက်အသေးစိတ်ကို သိရှိနိုင်ရန် ဒေသခံအဖွဲ့အစည်းများက လုပ်ဆောင်နေဆဲ ဖြစ်သည်။

၂၀၂၄ ဒီဇင်ဘာလတွင် ညှော်စာရင်းစစ်ဆေးနေချိန်အတွင်း ဒေသခံပြည်သူ အနည်းဆုံး (၁၀) ဦးကျော်သည် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ဆက်နွယ်ပတ်သက်သည်ဟု စွပ်စွဲခံရပြီး ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည်။

ညှော်စာရင်းစစ်ဆေးမှုကို မကြာခဏလုပ်ဆောင်နေခြင်းကြောင့် လူထုအကြား အကြောက်တရားနှင့် စိုးရိမ်မှုများ မြင့်တက်နေပြီး အများစုမှာ မည်သည့်အချိန်တွင် ဖမ်းဆီးခံရမည်နည်းဟုဆိုကာ မိမိတို့လုံခြုံရေးအတွက် စိုးရိမ်ပူပန်နေရသည်။

ဒီဇင်ဘာလ (၂၈) ရက်နေ့ညတွင် ညှော်စာရင်းစစ်ဆေးသည်ဟုဆိုကာ စစ်ကောင်စီတပ်သားများက မွန်ပြည်နယ် သထုံမြို့နယ်မှ အိမ်တစ်အိမ်ကို ဝင်ရောက်စီးနင်းခဲ့ပြီး မိန်းမပျို (၅) ဦးကို ဖမ်းဆီး ခဲ့သည်။ အမျိုးသမီးများကို စစ်မှုထမ်းသင်တန်းသားများ စုဆောင်းသည့် စစ်သင်တန်းကျောင်းသို့ အဓမ္မခေါ်ဆောင်သွားကြောင်း ဒေသခံသတင်းရင်းမြစ်များက ပြောသည်။

## ဇန်နဝါရီလ ၂၀၂၅

ဖမ်းဆီးမှုသည် ဘင်လှိုင်နှင့် နမ်းခဲကျေးရွာများတွင် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ ဘင်လှိုင်ကျေးရွာမှ အမျိုးသမီး (၂) ဦးကို ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် ဖမ်းဆီးခဲ့ပြီး နမ်းခဲကျေးရွာမှ အမျိုးသမီး (၃) ဦးကို ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် ဖမ်းဆီးခဲ့သည်။

ဖမ်းဆီးထားသည့်နေရာကို သိရှိသည်ဟု စစ်ရေးသတင်းရင်းမြစ်က ပြောဆိုသော်လည်း လုံခြုံရေးအခြေအနေ အလွန်အမင်းစိုးရိမ်ရသဖြင့် ဖမ်းဆီးထားသူများ၏ မိသားစုဝင်များနှင့် တည်နေရာကို ထုတ်ဖော်ပြောဆိုခြင်း မပြုချေ။

**"မိန်းမပျိုတွေကို စစ်သင်တန်းကျောင်းဆီ ဖမ်းခေါ်သွားတဲ့ ကိစ္စက သထုံမှာ ပထမဆုံးပဲ။ အရင်ကတော့ စစ်မှုထမ်းဆိုလူငယ်ယောကျ်ားလေးတွေကိုပဲ ပစ်မှတ်ထားတာ။ အခုတော့ မိန်းကလေးတွေကိုပါ ဖမ်းလာပြီလို့ သတင်းတွေ ပြန့်နေတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

မိန်းမပျိုလေးများသည် အသက် (၂၀) နှင့် (၂၅) နှစ်အကြား အရွယ်များ ဖြစ်ပြီး ညပိုင်းညှော်စာရင်း စစ်ဆေးချိန်တွင် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။ စစ်ကောင်စီတပ်သားများက ၎င်းတို့၏ လက်ကိုင်ဖုန်းများကို စစ်ဆေးကာ မသင်္ကာဖွယ်ရာများကို တွေ့ရှိသဖြင့် ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

**"မိန်းကလေးတွေကို ဖမ်းပြီးတော့ နိုင်ငံရေးနဲ့ပတ်သက်တာ တစ်ခုခုရှိမလားဆိုပြီး စစ်မေးတာ။ ဖုန်းကို စစ်တဲ့အခါမှာလည်း အဲလိုပြောပြီး စစ်တာ"** ဟု ဘင်လှိုင်ဒေသခံတစ်ဦးက ပြောသည်။

သထုံမြို့နယ်မှ ဝင်ရောက်စီးနင်းဖမ်းဆီးမှုများသည် အမျိုးသမီးများကိုသာ ပစ်မှတ်ထားသည် မဟုတ်ချေ။ ဒီဇင်ဘာလ (၂၆) ရက်နေ့တွင် နမ်းခဲကျေးရွာမှ လူငယ်အမျိုးသား (၁၃) ဦးကို အလားတူပင် ညှော်စာရင်းစစ်ဆေးသည်ဟုဆိုကာ ဖမ်းဆီးခဲ့သည်။ ထို့နောက် အမှတ် (၉) လေ့ကျင့်ရေးကျောင်းသို့ ပို့ဆောင်ခဲ့သည်။

ဇန်နဝါရီလ (၁၁) ရက်နေ့တွင် စစ်ကောင်စီတပ်သားများက ကျေးရွာအတွင်းသို့ ဝင်ရောက်လာပြီး အသက် (၅၃) နှစ်အရွယ် ဦးတင်စိုး၊ အသက် (၄၅) နှစ်အရွယ် ဦးကြည်စိုးနှင့် အသက် (၄၂) နှစ်အရွယ် ဦးမျိုးထိုက်တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။ နောက်တစ်နေ့တွင် ဖမ်းဆီးထားသူများကို မြိတ်သို့ ရေကြောင်းမှတဆင့် ပို့ဆောင်ခဲ့သည်။ သတင်းအတိအကျကိုမူ အတည်ပြုရန် ခက်ခဲနေဆဲ ဖြစ်သည်။

ပုလောမြို့နယ်တွင် စစ်ကြောင်းထိုးနေသည့် စစ်ကောင်စီတပ်သားများက ဒေသခံရွာသားများကို ဖမ်းဆီးနေပြီး ၎င်းတို့ကို ရေလမ်းမှတဆင့် မြိတ်သို့ ပို့ဆောင်နေသည်။

ဒေသခံရွာသားများကို ဖမ်းဆီးသည့်နေ့တွင်ပင် တပိုနှင့် စက်တော်ကျေးရွာရှိ နေအိမ် (၅) လုံးနှင့် ရာဘာခြံများကို စစ်ကောင်စီတပ်သားများက မီးရှို့ဖျက်ဆီးခဲ့သည်။ မီးသည် လျှင်မြန်စွာ ကူးစက်လောင်ကျွမ်းခဲ့ပြီး ဇန်နဝါရီလ (၁၆) ရက်နေ့အထိ စက်တော်ကျေးရွာအနောက်ဘက်ရှိ တောင်ကုန်းများကို ကူးစက်လောင်ကျွမ်းနေဆဲ ဖြစ်သည်။

၂၀၂၃ ဒီဇင်ဘာလတွင် စစ်ကောင်စီတပ်သားများက မြို့နယ် (၉) မြို့နယ်ကို စစ်ကြောင်းထိုးပြီး ဒေသခံပြည်သူ (၃၀၀) ကျော်ကို ဖမ်းဆီးခဲ့သည်။ စစ်ကောင်စီ၏ ဖိနှိပ်အုပ်ချုပ်မှုအောက်တွင် ဒေသခံပြည်သူများက ဒုက္ခမျိုးစုံခံစားနေရသည်ကို တပိုကျေးရွာမှ အမျိုးသား (၃) ဦး ဖမ်းဆီးခံရခြင်းနှင့် နေအိမ်များ၊ ရာဘာခြံများ မီးရှို့ဖျက်ဆီးခံရခြင်းက သက်သေပြနေသည်။

### လက်နက်ကြီးပစ်ခတ်တိုက်ခိုက်မှုများ

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ ဝဲဒက်ကွင်းကျေးရွာတွင် တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ်ခဲ့ရာ အသက် (၂၄) နှစ်အရွယ် အမျိုးသမီးငယ် (၁) ဦး ဒဏ်ရာရခဲ့သည်။

လွတ်လပ်ရေးနေ့ဖြစ်သည့် ဇန်နဝါရီလ (၄) ရက်နေ့ နံနက် (၄) နာရီအချိန်တွင် သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက လက်နက်ကြီး (၇) လုံးထက်မနည်း

## ဇန်နဝါရီလ ၂၀၂၅

ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးကျည်တစ်လုံးသည် ဝဲဒက်ကွင်းကျေးရွာအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး မကြံ့အမည်ရှိ အမျိုးသမီးငယ်သည် လက်နှင့် ခန္ဓာကိုယ် အနှံ့အပြားတွင် ကျည်စထိမှန်ခဲ့သည်။ ၎င်းကို ဒေသန္တရ ဆေးရုံတစ်ခုတွင် ဆေးကုသမှုပေးလျက်ရှိသည်။

**"တစ်ခါပစ်ရင် လက်နက်ကြီးက (၄) လုံးလောက် တစ်ပြိုင်တည်းကျလာတယ်။ လေထဲမှာ မီးတန်းကြီးပေါ်နေတာပါ မြင်နေရတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဝဲဒက်ကွင်းကျေးရွာသည် သထုံခရိုင်ကရင်အမျိုးသား အစည်းအရုံး တပ်မဟာ (၁) လက်အောက်တွင် တည်ရှိပြီး ရွှေ့ပြောင်းလုပ်သားအများစုနေထိုင်သည့် ကျေးရွာဖြစ်သည်။

ဒီဇင်ဘာလ (၂၆) ရက်နေ့တွင်လည်း အလားတူတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီ၏ လက်နက်ကြီးကြောင့် တစ်ရွာတည်းနေသူ အသက် (၂၀) အရွယ် မိန်းကလေးငယ်ဖြစ်သူ မအေးသန္တာသည် ထိခိုက်ဒဏ်ရာရခဲ့သည်။ ၎င်းသည် ခန္ဓာကိုယ်တစ်ခုလုံးတွင် ဒဏ်ရာများရရှိထားပြီး လက်ရှိတွင် သိမ်ဇရပ်ဆေးရုံ၌ ဆေးကုသမှု ခံယူနေသည်။

သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး၏ထုတ်ပြန်ချက်အရ ၎င်းတို့ထိန်းချုပ်ရာကျေးရွာများကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ဒီဇင်ဘာလ တစ်လတည်းတွင်ပင် ဒေသခံရွာသား (၄) ဦး သေဆုံးပြီး (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း သိရသည်။

တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အရပ်သားပြည်သူများကို အကြောင်းမဲ့တိုက်ခိုက်ခြင်းသည် မွန်ပြည်နယ်တွင်လည်း ဆိုးဆိုးရွားရွား ဖြစ်ပွားနေသည်။ စစ်ကောင်စီသည် ပြည်သူလူထု၏ အသက်ခန္ဓာကို အလေးထားခြင်း မရှိချေ။ ဒေသခံပြည်သူများမှာ တိုက်ခိုက်မှုများ အချိန်မရွေး ဖြစ်ပေါ်လာနိုင်သဖြင့် အကြောက်တရားနှင့် နေထိုင်နေရသည်။

ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကလိန်အောင်မြို့နယ်ခွဲ အင်းပြားကျေးရွာကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့ရာ (၁၃) နှစ်အရွယ် မိန်းကလေးငယ် (၁) ဦး အပါအဝင် ဒေသခံပြည်သူ (၂) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

ဇန်နဝါရီလ (၅) ရက်နေ့ ညနေ (၆) နာရီအချိန်တွင် တိုက်ခိုက်ခဲ့ခြင်း ဖြစ်ပြီး ကလိန်အောင်မြို့အနီးတွင် အခြေစိုက်သည့် အမှတ် (၄၀၈) အမြောက်တပ်ရင်းက လက်နက်ကြီးဖြင့် ဆက်တိုက်ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတစ်လုံးသည် ကလိန်အောင်တောင်ခြေ အင်းပြားကျေးရွာရှိ ရှင်ကိုးရှင်ဘုရားအနီးသို့ ကျရောက်ပေါက်ကွဲခဲ့သည်။

ပေါက်ကွဲမှုကြောင့် အသက် (၁၃) နှစ်အရွယ် မိန်းကလေးငယ် (၁) ဦးနှင့် အသက် (၆၀) အရွယ် အမျိုးသား ဦးကျော်မြင့်တို့ ထိခိုက်ဒဏ်ရာရခဲ့သည်။ ၎င်းတို့သည် လက်နှင့် ခြေထောက်များတွင် ဒဏ်ရာရခဲ့ခြင်း ဖြစ်သည်။

**"လက်နက်ကြီးကို တစ်ညလုံး ပစ်နေတာ။ ဒဏ်ရာရတဲ့သူတွေကို မနက်ကျမှ ဆေးရုံပို့နိုင်တယ်။ အခုတော့ ကလိန်အောင်ဆေးရုံမှာ ဆေးကုနေတယ်"** ဟု ကလိန်အောင်မြို့ခံတစ်ဦးက ပြောသည်။

အမြောက်တပ်က လက်နက်ကြီးကို နံနက် (၁) နာရီအထိ ဆက်တိုက်ပစ်ခတ်နေသဖြင့် ထိခိုက်သူများကို ညတွင်းချင်း ဆေးရုံသို့ ပို့ဆောင်နိုင်ခြင်း မရှိဘဲ ဇန်နဝါရီလ (၆) ရက်နေ့ မနက်တွင်မှ ဆေးရုံသို့ ပို့ဆောင်နိုင်ခဲ့သည်။ လက်နက်ကြီးဖြင့် တရစပ်ပစ်ခတ်နေခြင်းကြောင့် ဒေသခံပြည်သူများသည် အကြောက်တရားနှင့် စိုးရိမ်ပူပန်မှုများဖြင့် နေထိုင်နေရသည်။

ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့တွင် တော်လှန်ရေးအင်အားစုများက ကလိန်အောင်တံတား စစ်ဆေးရေးဂိတ်ကို တိုက်ခိုက်ခဲ့သည်။ တန်ပြန်သောအားဖြင့် စစ်ကောင်စီက အင်းပြား၊ ဇင်းဘာအစရှိသည့် အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် (၂) ရက်ဆက်တိုက် ပစ်ခတ် ခဲ့သည်။

တံတားစစ်ဆေးရေးဂိတ် တိုက်ခိုက်ခံရပြီးနောက် စစ်ကောင်စီက ကလိန်အောင်တံတားကို (၃) နာရီကြာ ပိတ်ချခဲ့ပြီး တံတားအနီးရှိ အမှတ် (၁) ရပ်ကွက်မှ လူငယ်များကို စစ်ဆေးမေးမြန်း

ခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါတိုက်ခိုက်မှုကြောင့် စာသင်ကျောင်းများလည်း ထိခိုက်ခဲ့ပြီး ကလိန်အောင် အထက်တန်းကျောင်းကို ဇန်နဝါရီလ (၆) ရက်နေ့တွင် (၁) ရက်ကြာ ပိတ်ပင်ခဲ့ရသည်။ ကျောင်းသားမိဘများအကြား စိုးရိမ်ပူပန်မှု မြင့်တက်ခဲ့သည်။

ဇန်နဝါရီလ ပထမအပတ် နောက်ရက်ပိုင်းအတွင်း အခြားတိုက်ခိုက်မှုတစ်ခု ထပ်မံဖြစ်ပွားခဲ့သည်။ ဇန်နဝါရီလ (၈) ရက်နေ့ မနက်တွင် ရေးမြို့အခြေစိုက် အမှတ် (၁၉) စစ်ဆင်ရေး ကွပ်ကဲမှုဌာနချုပ်က ရေးမြို့အရှေ့ဘက်ရှိ ကျုံလောင်းရွာဟောင်းနှင့် အနီးအနားဝန်းကျင်ကို လက်နက်ကြီးများဖြင့် တရစပ်ပစ်ခတ်ခဲ့သည်။

နေ့လည်ချိန်အထိ ဆက်လက်ပစ်ခတ်နေခဲ့သဖြင့် ဒေသခံများနှင့် ရာဘာခြံလုပ်သားများသည် ဘေးလွတ်ရာထွက်ပြေးပုန်းအောင်းခဲ့ရသည်။

ရေးနှင့် ထားဝယ်ကို ဆက်သွယ်ထားသည့် အဝေးပြေးလမ်းပေါ်ရှိ တံတားကိုလည်း နေ့လည်အချိန်အထိ ပိတ်ဆို့ထားခဲ့သည်။ အင်အား (၁၀၀) နီးပါးရှိသည့် စစ်ကောင်စီ တပ်သားများက ရေးမှတဆင့် ကျုံလောင်းဘက်သို့ ချီတက်သွားကြသည်။ တိုက်ပွဲဖြစ်ပွားခြင်း မရှိသော်လည်း စစ်ကောင်စီတပ်က လက်နက်ကြီးများကို ဆက်လက်ပစ်ခတ်နေဆဲဖြစ်သည်။

**"ရွာနဲ့အနီးအနားကလူတွေကတော့ ထွက်ပြေးကုန်ကြပြီ။ PDF တွေ စစ်ရေးလှုပ်ရှားမှု ရှိတယ်ဆိုပြီး စစ်တပ်က သတင်းရပြီးနောက်ပိုင်း လက်နက်ကြီးနဲ့ပစ်နေတာပဲ။ ဒီနားက ရာဘာခြံလုပ်သားတွေ လည်း မနေရဲကြတော့ဘူး။ အများစုကတော့ ဝယ်ပေါင်တို့ မွန်ပြည်သစ်ပါတီဘက်တို့ကို ပြေးကြ တယ်။ တိုက်ပွဲမရှိပေမဲ့ လက်နက်ကြီးက ပစ်နေတယ်။ အခုတစ်ခေါက်က အရင်တွေကထက် ပိုပစ်နေတယ်"** ဟု ကျုံလောင်းရွာဟောင်းမှ ဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကြီးများက နေအိမ်များပေါ်သို့ တိုက်ရိုက်ကျရောက်ပေါက်ကွဲခြင်း မရှိသော်လည်း ကျုံလောင်းနှင့် အနီးအနားကျေးရွာများမှ စာသင်ကျောင်းများကို ယာယီပိတ်သိမ်းထားရသည်။

စစ်ကောင်စီတပ်က ရေးတံတားအလွန် တောင်ကုန်းပေါ်တွင် လက်နက်ကြီးများ တပ်ဆင်နေသဖြင့် တိုက်ခိုက်မှုများ ပိုမိုပြင်းထန်လာနိုင်ကြောင်း ဒေသခံများက ပြောသည်။

လက်နက်ကြီးပစ်ခတ်နေမှုကြောင့် ရေးနှင့် အရှေ့ပိုင်းကျေးရွာများအကြား ကူးသန်းသွားလာရေး ပြတ်တောက်နေပြီး ဒေသခံပြည်သူများက တိုက်ခိုက်မှု ပိုမိုပြင်းထန်လာမည်ကို ကြောက်ရွံ့ နေကြသည်။ အခြေအနေတင်းမာနေသဖြင့် ဒေသခံပြည်သူများမှာ အားခဲပြီးနေ,နေရသည်။

လက်နက်ကြီးပစ်ခတ်မှုအပြင် စစ်ရေးလှုပ်ရှားမှုများပါပြုလုပ်လာသဖြင့် ဒေသခံပြည်သူများမှာ ရွေးချယ်စရာမရှိတော့ဘဲ အိုးအိမ်စွန့်ခွာကာ ဘေးလွတ်ရာထွက်ပြေးခိုလှုံနေရသည်။

**"လက်နက်ကြီးအတော်များများက ရာဘာခြံတွေထဲကို ကျတာ။ အလုံး (၂၀) ကျော်မယ်။ လူတွေက ကြောက်လန့်ပြီး နီးစပ်ရာ ပြေးကြတာပဲ။ မွန်ပြည်သစ်ပါတီထိန်းချုပ်ဒေသအထိ ပြေးကြတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ကျေးရွာအနီးတဝိုက်တွင် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်များ လှုပ်ရှားနေသည်ဟု သတင်းရသဖြင့် စစ်ကောင်စီတပ်က ပစ်ခတ်တိုက်ခိုက်နေခြင်း ဖြစ်သည်။ လက်နက်ကြီးဖြင့် ဆက်တိုက်ပစ်ခတ် နေသည့်အပြင် မြေပြင်တွင်လည်း စစ်ကြောင်းထိုးမှုများ စတင်နေသည်။

ဒေသတွင်းအခြေအနေသည် အလုံးစုံပျက်စီးယိုယွင်းနေသည်။ ကျေးရွာများရှိ စာသင်ကျောင်းများကို ပိတ်သိမ်းထားရသည်။ ရွာသား (၂၀၀) နီးပါး ထွက်ပြေးတိမ်းရှောင် နေရသည်။ စာသင်ကျောင်းအနီး လက်နက်ကြီးကျရောက်ပေါက်ကွဲသဖြင့် ကျောင်းကို (၂) ရက် ပိတ်သိမ်းခဲ့ရသည်။

## ဇန်နဝါရီလ ၂၀၂၅

ကျုံလောင်းရွာဟောင်းသည် ယခင်ကလည်း စစ်ကောင်စီ၏လက်နက်ကြီးဒဏ်ကို အလူးအလဲ ခံစားခဲ့ရသည်။ နေအိမ်များ၊ ရာဘာခြံများနှင့် စာသင်ကျောင်းများ မကျန် လက်နက်ကြီးသင့်ခဲ့သည်။

အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရပြီး အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးခဲ့ရသည်။ မရေမတွက်နိုင်သော မိသားစုများသည်လည်း အိုးအိမ်စွန့်ခွာကာ ဘေးလွတ်ရာ ထွက်ပြေးခိုလှုံ ခဲ့ရသည်။ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ပြည်သူများအကြား အကြောက်တရားနှင့် မသေချာမှုများ ပျံ့နှံ့နေသည်။ မည်သည့်အချိန်တွင် အိမ်ပြန်ရမည်ကို မသိရှိနိုင်သကဲ့သို့ အိမ်ပြန်ခွင့်ရရန်လည်း မသေချာသေးချေ။

မွန်ပြည်နယ် ရေးမြို့နယ် ပဋိပက္ခဒေသအတွင်းရှိ စာသင်ကျောင်း အနည်းဆုံး (၅) ကျောင်းခန့်သည် လက်နက်ကိုင်ပဋိပက္ခကြောင့် ပိတ်သိမ်းထားရသည်။ ကျောင်းသားကျောင်းသူ (၄၀၀) နီးပါးသည် ကျောင်းမတက်နိုင်ချေ။

ဇန်နဝါရီလ (၉) ရက်နေ့တွင် ကျုံလောင်းရွာဟောင်းအနီး၌ စစ်ကောင်စီတပ်နှင့် တော်လှန်ရေး အင်အားစုများအကြား တိုက်ပွဲထပ်မံဖြစ်ပွားခဲ့သည်။ တိုက်ပွဲသည် ပြင်းထန်သဖြင့် ကျုံလောင်းနှင့် ကျောက်မိချောင်းကျေးရွာများသို့ ကူးစက်သွားပြီး မူလတန်းကျောင်း (၂) ကျောင်း ပိတ်သိမ်းခဲ့ရသည်။

ဝယ်ဇင်၊ ဓမ္မပါလနှင့် ဝယ်ပေါင်ကျေးရွာများရှိ မွန်အမျိုးသား မူလတန်းကျောင်း (၃) ကျောင်းလည်း ဇန်နဝါရီလ (၁၀) ရက်နေ့ကတည်းက ပိတ်သိမ်းထားခဲ့ရသည်။

**"ဘယ်သူမှ ကျောင်းမပိတ်ချင်ကြဘူး။ ဒါပေမဲ့ လက်နက်ကြီးက ရေးမြို့နယ်အရှေ့ပိုင်းက ဝယ်ဇင်နဲ့ ဝယ်ပေါင်အနီးအနားကို ဆက်တိုက်ကျနေတယ်။ ကျောင်းသားမိဘတွေက သူတို့ရဲ့ကလေးတွေကို လာခေါ်သွားကြတယ်။ နောက်ဆုံးတော့ ဘယ်ကျောင်းသားမှ မကျန်ခဲ့ဘူး။ ဆရာဆရာမတွေတောင် ဘေးလွတ်ရာ ပြေးနေကြရတယ်"** ဟု မွန်အမျိုးသားကျောင်းမှ ဆရာမတစ်ဦးက ပြောသည်။

ဆရာဆရာမများနည်းတူ မိသားစုအများအပြားသည်လည်း နီးစပ်ရာကျေးရွာများနှင့် တောတောင်များသို့ တိမ်းရှောင်နေရသည်။ လာမည့်ဖေဖော်ဝါရီလတွင် အတန်းတင်စာမေးပွဲ ဖြေဆိုရန်ရှိသဖြင့် ကျောင်းပိတ်လိုက်ရခြင်းသည် ကြီးမားသည့်ပြဿနာတစ်ခု ဖြစ်နေသည်။

တိုက်ပွဲကြောင့် ကျောင်းသားကျောင်းသူများ ပညာရေးနှောင့်နှေးသွားမည်ကို ဆရာဆရာမများနှင့် ကျောင်းသားမိဘများက စိုးရိမ်ပူပန်နေသည်။

ဇန်နဝါရီလ (၁၅) ရက်နေ့အထိ ကျုံလောင်းနှင့် အနီးအနားကျေးရွာများတွင် သေနတ်သံများ တိတ်ဆိတ်နေသည်။ သို့သော် စစ်ကောင်စီတပ်က လက်နက်ကြီးများ ပစ်ခတ်နေသည့်အပြင် စစ်အင်အားလည်း အကြီးအကျယ်ဖြည့်တင်းနေသည်ဟု ဒေသခံတစ်ဦးက ပြောသည်။

လက်နက်ကိုင်ပဋိပက္ခက ဒေသခံပြည်သူများကို ထွက်ပြေးတိမ်းရှောင်စေသည်သာမက ကလေးသူငယ်များ၏ ပညာရေးကိုလည်း ဆိုးဆိုးရွားရွား ထိခိုက်စေသည်။ ဒေသခံပြည်သူများသည် မသေချာမရေရာမှုများနှင့် အကြောက်တရားများ ပြည့်နှက်နေသည့် ပတ်ဝန်းကျင်တွင် နေထိုင်နေရသည်။

၂၀၂၅ ဇန်နဝါရီလ (၂၁) ရက်နေ့ ညနေပိုင်းတွင် စစ်ကောင်စီတပ်၏ လက်နက်ကြီးကြောင့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ငှက်ပျောတောကျေးရွာမှ အရပ်သား (၁) ဦး သေဆုံးပြီး (၃) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက လက်နက်ကြီးကြောင့် နေအိမ်များ ဆိုးဆိုးရွားရွား ထိခိုက်ပျက်စီးခဲ့ပြီး ဒေသခံများ၏ ပိုင်ဆိုင်မှုများလည်း ဆုံးရှုံးခဲ့ရသည်။ ရွာသူရွာသားများမှာ အကြီးအကျယ် ထိတ်လန့်တုန်လှုပ်ခဲ့ကြသည်။

## ဇန်နဝါရီလ ၂၀၂၅

မနက် (၆) နာရီ (၃၅) မိနစ်နှင့် (၆) နာရီ (၅၅) မိနစ် အကြားတွင် အမှတ် (၆၀၂) အမြောက်တပ်ရင်းက ၁၂၀-မမ လက်နက်ကြီး (၂) လုံးဖြင့် ကျေးရွာကို ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးတစ်လုံးက ငှက်ပျောတောကျေးရွာ အောက်ပိုင်းရှိ ဦးတင်နိုင်ဝင်းနှင့် ဒေါ်အေးချိုတို့၏ နေအိမ်ကို ထိမှန်ခဲ့ပြီး အသက် (၅၄) နှစ်အရွယ် ဒေါ်အေးချိုသည် ပွဲချင်းပြီး သေဆုံးခဲ့သည်။ သမီးဖြစ်သူ အသက် (၁၅) နှစ်အရွယ် ယွန်းနဒီဦးသည်လည်း ခြေထောက်နှင့် ခန္ဓာကိုယ်တွင် ဒဏ်ရာရခဲ့ပြီး စိုးရိမ်ရသည့် အခြေအနေတွင် ရှိနေသည်။

လက်နက်ကြီးပေါက်ကွဲမှုကြောင့် အခြားရွာခံ (၂) ဦးဖြစ်သူ အသက် (၁၅) နှစ်အရွယ် မလဲလဲ့ခိုင်နှင့် အသက် (၆၀) အရွယ်ရှိ ဒေါ်ခင်ညွန့်တို့သည်လည်း ရင်ဘတ်၊ လက်မောင်းနှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် ထိခိုက်ဒဏ်ရာအများအပြားရရှိခဲ့သည်။ ၎င်းတို့ကို ဆေးရုံသို့ ချက်ချင်းပို့ဆောင်ပေးခဲ့သည်။

နေအိမ် (၃) လုံးနှင့် ယာဉ် (၁) စီးလည်း ထိခိုက်ပျက်စီးခဲ့ပြီး အိမ်အသုံးအဆောင်ပစ္စည်းများလည်း ဆုံးရှုံးခဲ့ရသည်။ လက်နက်ကြီးပစ်ခတ်ချိန်တွင် ကျေးရွာအနီးအနား၌ တော်လှန်ရေး အင်အားစုများ၏ လှုပ်ရှားမှု မရှိသည့်အပြင် တိုက်ပွဲလည်း ဖြစ်ပွားနေခြင်း မရှိချေ။ သို့သော် စစ်ကောင်စီတပ်က အိုးအိမ်ပျက်စီးမှုနှင့် လူသေဆုံးမှုဖြစ်သည်အထိ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

၂၀၂၄ ဒီဇင်ဘာလ (၂၁) ရက်နေ့တွင်လည်း အလားတူတိုက်ခိုက်မှုကို စစ်ကောင်စီက ပြုလုပ်ခဲ့ပြီး ကျိုက်ထိုမြို့နယ် တဂေးချောင်းဖျားကျေးရွာမှ ဒေသခံ (၃) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

လူနေကျေးရွာများကို မကြာခဏရမ်းသမ်းပစ်ခတ်တိုက်ခိုက်နေခြင်းသည် မွန်ပြည်နယ်ရှိ ဒေသခံပြည်သူများအကြားတွင် အကြမ်းဖက်မှုများ မြင့်တက်စေခြင်း ဖြစ်သည်။ ဒေသခံ ပြည်သူများမှာ အသက်ဘေးအန္တရာယ်အတွက် အချိန်ပြည့်စိုးရိမ်ပူပန်နေရပြီး တိုက်ပွဲများနှင့် အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနေသဖြင့် ပြန်လည်ထူထောင်နိုင်ရန် ရုန်းကန်နေရသည်။

### အတင်းအဓမ္မစစ်မှုထမ်းစေခြင်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့တို့၏ တိုက်ခိုက်မှုကြောင့် တပ်အင်အား အလွန်အမင်းပြုန်းတီးလာခြင်းနှင့် စစ်တပ်အတွင်းသို့ ဝင်ရောက်လိုသူ မရှိခြင်းက စစ်ကောင်စီကို အတင်းအဓမ္မစစ်မှုထမ်းစေခြင်းစနစ် စတင်စေသည့် အကြောင်းရင်းများ ဖြစ်သည်။

ပြီးခဲ့သည့်လများတွင် စစ်တပ်မှ ရာထူးကြီးအရာရှိများ လက်နက်ချအညံ့ခံသည့်ကိစ္စများ ဖြစ်ပွားခဲ့ပြီး စစ်တပ်အတွင်းသို့ အရပ်သားများ ခန့်အပ်ရန် ဖိအားဖြစ်လာသည်။ ပြည်သူ့စစ်မှုထမ်း ဥပဒေသည် တရားမျှတသည့်ဥပဒေတစ်ခု မဟုတ်သည့်အပြင် အခြေခံလူ့အခွင့်အရေးများကိုလည်း ချိုးဖောက်နေသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းနယ်မြေများတွင် ကျေးလက်ဒေသများတွင် လူငယ်များကို ၎င်းတို့၏ သဘောဆန္ဒမပါဘဲ အတင်းအဓမ္မစစ်မှုထမ်းစေကာ ရှေ့တန်းစစ်မျက်နှာပြင်သို့ ပို့ဆောင်နေသည်ကို တွေ့ရသည်။

မိသားစုများကို ၎င်းတို့၏သားများကို စစ်တပ်က အရန်အင်အားအဖြစ် အသုံးပြုနေသဖြင့် တိုက်ပွဲဖြစ်သည့်ဒေသများတွင် အသက်သေဆုံးမှု အများအပြားဖြစ်ပွားနေကြောင်း ပြောသည်။

၂၀၂၄ ဒီဇင်ဘာလ (၂၈) ရက်နေ့တွင် စစ်မှုထမ်းဥပဒေကို လူမှုကွန်ရက်တွင် ဝေဖန်ပြစ်တင်သည်ဟုဆိုကာ မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့မှ အုပ်ချုပ်ရေးမှူး အပါအဝင် ဒေသခံပြည်သူ (၁၀) ဦးကို ဖမ်းဆီးခဲ့သည်။

လူမှုကွန်ရက်တွင် ရေးသားဝေဖန်သူမှာ သိမ်ဆိပ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးပေါင်ပေါင်ဖြစ်ပြီး လူငယ်များကို ဖမ်းဆီးကာ အတင်းအဓမ္မစစ်မှုထမ်းစေသည့်ကိစ္စကို ဝေဖန်ပြစ်တင်ခဲ့ခြင်း ဖြစ်သည်။

## ဇန်နဝါရီလ ၂၀၂၅

**“အုပ်ကြီးကတော့ အတင်းစစ်မှုထမ်းခိုင်းတဲ့ကိစ္စကို ပေါ်တင်ပဲ ကန့်ကွက်တာ။ သူ့ကို အဲလိုလုပ်ခိုင်းရင်လည်း မလုပ်ဘူးလို့ ရေးတာ။ သူ့သူငယ်ချင်းတွေ စီးပွားရေးလုပ်ငန်းရှင် တွေကလည်း သူ့ပို့စ်အောက်မှာ မှတ်ချက်ဝင်ရေးကြတယ်။ နောက်တစ်ညတော့ အကုန်လုံးကို ဖမ်းသွားတယ်”** ဟု အဖမ်းခံရသူတစ်ဦး၏ မိသားစုဝင်တစ်ဦးက ပြောသည်။

အုပ်ချုပ်ရေးမှူးဦးပေါင်ပေါင်၊ ဦးထွန်းနိုင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ရပ်ကွက်ဥက္ကဋ္ဌ၊ ၎င်း၏သားဖြစ်သူနှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးသီတာတို့ကို ဖမ်းဆီးသွားသည်။

ဒေသခံများဖြစ်သည့် ဦးအေးလွင်၊ ဦးမြင့်လွင်၊ ဦးဖိုးထောင်နှင့် ဦးကြည်ခိုင်တို့ကိုလည်း ဖမ်းဆီးခဲ့သည်။ အများစုသည် အသေးစားလုပ်ငန်းရှင်များ ဖြစ်ပြီး အုတ်ဖိုလုပ်ငန်းကို လုပ်ကိုင်နေကြသူများ ဖြစ်သည်။

ဦးထွန်းနိုင်နှင့် သားဖြစ်သူကို ၂၀၂၅ ဇန်နဝါရီလ (၁) ရက်နေ့တွင် ပြန်လည်လွှတ်ပေးခဲ့သည်ဟု ကြားသိရသော်လည်း အခြားသူများကိုမူ သထုံအခြေစိုက် အမှတ် (၉) တပ်မတော် လေ့ကျင့်ရေးစခန်းတွင် ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားဆဲ ဖြစ်သည်။

အတင်းအဓမ္မစစ်မှုထမ်းခိုင်းသည့်ကိစ္စသည် သထုံမြို့နယ်တွင် ပြဿနာကြီးတစ်ခု ဖြစ်နေသည်။ ၂၀၂၄ ဒီဇင်ဘာလတွင် လူငယ်အမျိုးသား အနည်းဆုံးအယောက် (၃၀) ကို အတင်းအဓမ္မ စစ်မှုထမ်းခိုင်းစေရန် စစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားသည်။

ပေါင်မြို့နယ် မုတ္တမကျေးရွာတွင်လည်း ဒီဇင်ဘာလ (၂၅) ရက်နေ့၌ အလားတူဖမ်းဆီးမှုများ ဖြစ်ပွားခဲ့သည်။ ကျွဲခြံကျေးရွာတွင် ပွဲတော်ကျင်းပနေစဉ် စစ်တပ်လက်အောက်ခံ စခန်းမှူးက အသက် (၃၀) အရွယ် ဦးအောင်မျိုးလှိုင်ကို ည (၁၀) နာရီတွင် ဖမ်းဆီးပြီး စစ်မှုထမ်းသင်တန်းသားအဖြစ် မတရားစုဆောင်းခဲ့သည်။

**“ပွဲတော်ပြီးတဲ့အထိ စောင့်ပြီး သူ့ကို တိတ်တိတ်လေး ဖမ်းခေါ်သွားတာ။ အုပ်ချုပ်ရေးမှူးကို မေးတော့ စစ်တပ်က ဖမ်းသွားတာတဲ့။ ဒါပေမဲ့ ဘယ်သူမှ တပ်ထဲထိ လိုက်မမေးရဲဘူး။ မိသားစုကတော့ ဘာမှ မလုပ်နိုင်တော့ ပူဆွေးသောကရောက်နေတာပေါ့”** ဟု မိသားစုဝင်တစ်ဦးက ပြောသည်။

တနိုင်ငံလုံးတွင် စစ်ရှုံးနေသည့်စစ်ကောင်စီက စစ်အင်အားကို ဖြည့်တင်းလိုနေသည်။ ဒေသတွင်းရှိ သတင်းဌာနနှင့် သုတေသနအဖွဲ့များ၏ အစီရင်ခံစာများအရ မွန်ပြည်နယ်တစ်ခုတည်းတွင် ပြည်သူ (၂,၁၀၀) မှ (၂,၃၀၀) ကို ပြည်သူ့စစ်မှုထမ်းဥပဒေအောက်တွင် အတင်းအဓမ္မစစ်မှုထမ်းစေခဲ့ကြောင်း သိရသည်။

စစ်တပ်က စစ်အင်အားဖြည့်တင်းရန်အတွက် ဒေသခံပြည်သူများကို ပစ်မှတ်ထားလာသဖြင့် ရပ်ရွာများတွင် စိုးရိမ်ပူပန်မှုနှင့် ထိတ်လန့်မှုများ ကြီးထွားလာသည်။ မိသားစုအတွက် ဝင်ငွေရှာဖွေပေးနိုင်သူများကို စစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားသဖြင့် လူမှုအသိုင်းအဝိုင်းတွင် မတည်ငြိမ်မှုများ ဖြစ်လာသည်။

စစ်မှုထမ်းအပတ်စဉ် (၉) အတွက် သင်တန်းသားများ ရရှိရန် စစ်ကောင်စီက အပူတပြင်းလုပ်ဆောင်နေကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင် များက ပြောသည်။

စစ်တပ်က ထိန်းချုပ်ထားသည့် ဒေသများတွင် လူငယ်များကို ပစ်မှတ်ထားပြီး စစ်သားစုဆောင်းနေသည်။ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ စစ်တပ်လက်ဝေခံ ပြည်သူ့စစ်အဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးမှူးများက လူငယ်များကို တစ်အိမ်တက် တစ်အိမ်ဆင်း လိုက်လံဖမ်းဆီးနေပြီး စစ်သင်တန်းကျောင်းများသို့ အတင်းအဓမ္မပို့ဆောင်နေသည်။

ယခင်က စစ်တပ်က ဖမ်းဆီးသွားသူများကို ငွေကြေးဖြင့် ပြန်လည်ရွေးထုတ်နိုင်သော်လည်း ယခုနှစ်အစပိုင်းမှစ၍ ထိုသို့လုပ်ဆောင်ရန် မလွယ်ကူတော့ချေ။ စစ်ကောင်စီနှင့် အလွန်အမင်းနီးစပ်သူများသာ ပြန်လည်လွှတ်မြောက်လာနိုင်ရန် လုပ်ဆောင်နိုင်သည်။

## ဇန်နဝါရီလ ၂၀၂၅

ဇန်နဝါရီလ (၁၇) ရက်နေ့တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် စစ်ကောင်စီတပ်ဖွဲ့ဝင်များက မုဒုံ၊ ကျိုက်မရော၊ မော်လမြိုင်၊ ပေါင်၊ မုတ္တမ၊ ဘီးလင်းနှင့် သံဖြူဇရပ်မြို့နယ် (၇) မြို့နယ်မှ ကျေးရွာ (၃၅) ရွာကို ပစ်မှတ်ထားပြီး စစ်မှုထမ်း သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို သင်တန်းသားအဖြစ် စုဆောင်းနိုင်ရန် အရှေ့တောင်တိုင်းစစ်ဌာနချုပ်က ညွှန်ကြားခဲ့သည်။

ပေါက်ကြားလာသည့်သတင်းများအရ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးက အုပ်ချုပ်ရေးမှူး များအနေဖြင့် စစ်မှုထမ်းသင်တန်းသားများကို သတ်မှတ်အရေအတွက် အတိုင်း မစုဆောင်းနိုင်ပါက အပြစ်ပေးအရေးယူခံရမည် ဟု ခြိမ်းခြောက်ခဲ့ကြောင်း သိရသည်။

၂၀၂၅ ဇန်နဝါရီလမှစ၍ လူငယ်အမျိုးသား အနည်းဆုံးအယောက် (၆၀) ကျော်ကို စစ်တပ်က ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ဒေသခံများက ပြောသည်။ ၎င်းပြင် အယောက် (၃၀) ကျော်မှာလည်း ပျောက်ဆုံးနေသည်။ မုဒုံမြို့နယ်မှ မိဘတစ်ဦးက **"အတင်းဖမ်းဆီးတာတွေက ပိုပိုများလာတယ်။ အိမ်ထောင်စုစာရင်းကနေ ကြည့်ပြီးတော့ ဆင့်ခေါ်တာတွေ ဘာတွေ မလုပ်တော့ဘူး။ အုပ်ချုပ်ရေးမှူးတွေကို ခေါ်လာပြီးတော့ သေနတ်ပြပြီး ကလေးတွေကို အိမ်ကနေ အတင်းဖမ်းခေါ်သွားတာ"** ဟု ပြောသည်။

ဆိုးရွားသည့်အခြေအနေများကြောင့် မိဘများက ၎င်းတို့၏သားသမီးများကို ကွယ်ဝှက်ရန် ကြိုးစားလာကြသည်။ တချို့က နိုင်ငံရပ်ခြားသို့ ရောက်ရှိနေသည် ဟု ပြောဆိုလိုက်ကြသည်။ သားသမီးများကို ကာကွယ်နိုင်စွမ်းမရှိသည့် မိဘများကမူ ငွေကျပ် (၁၀၀,၀၀၀) မှ (၅၀၀,၀၀၀) အထိ ပေးဆောင်ပြီး စစ်မှုထမ်းခြင်းကို ရှောင်လွှဲကြရသည်။

မုဒုံ၊ ချောင်းဆုံနှင့် ပေါင်မြို့နယ်ကဲ့သို့သော အချို့ဒေသများတွင် ဒေသခံပြည်သူများသည် စစ်မှုထမ်းရှောင်လွှဲရန်အတွက် လာဘ်ငွေအများအပြား ပေးဆောင်နေရသည်။ ချောင်းဆုံဒေသခံ တစ်ဦးက **"စစ်မှုထမ်းသင်တန်းသားတွေကို ထောက်ပံ့ဖို့ဆိုပြီး အိမ်တိုင်းကို ပိုက်ဆံအတင်းလိုက်ကောက်တယ်။ ဘယ်လောက်ပေးရလဲဆိုတာတော့ အုပ်ချုပ်ရေးမှူးအပေါ်မှာပဲ မူတည်တယ်။ သူက ဘယ်မိသားစုက ပေးနိုင်တယ်၊ ဘယ်သူကတော့ မပေးနိုင်ဘူးဆိုတာ သိတယ်လေ"** ဟု ပြောသည်။

ညဘက်ဖမ်းဆီးမှုများလည်း ပိုမိုများပြားလာသည်။ မော်လမြိုင်မြို့နယ်တွင် ညဘက်အပြင်ထွက်ပြီး သောက်စားမူးရစ်နေသည့်လူငယ်များကို ဖမ်းဆီးထိန်းသိမ်းကာ စစ်မှုထမ်းအဖြစ် အဓမ္မ စုဆောင်းသည်။

ဒေသခံပြည်သူတစ်ဦးက **"ညဘက်မှာဆို အပြင်မှာတွေ့တဲ့လူငယ်တွေကို စစ်တပ်က ဖမ်းတယ်။ နေ့ဘက်ဆို စစ်ဆေးတယ်။ စစ်မှုထမ်းကို အကြောင်းပြပြီး မြို့တွင်း မြို့ပြင် ခရီးသွားတဲ့သူတွေကို ဖမ်းတယ်"** ဟု ပြောသည်။

ကျိုက်မရော၊ မော်လမြိုင်၊ ရေးနှင့် သံဖြူဇရပ်မြို့များတွင် စစ်ဆေးရေးဂိတ်များ တိုးမြှင့်ဖွင့်လှစ်ထားပြီး လူငယ်များကို ပစ်မှတ်ထားကာ ရပ်တန့်စစ်ဆေးမှုများ ပြုလုပ်နေသည်။ ရေးဒေသခံတစ်ဦးက "ပြီးခဲ့တဲ့ (၇) ရက်အတွင်းမှာ စစ်ဆေးရေးဂိတ်တွေမှာ အဖမ်းခံရပြီး ပျောက်သွားတဲ့ လူငယ်က အနည်းဆုံး (၁၂) ယောက်ရှိတယ်လို့ ကျွန်တော်တို့ စာရင်းမှတ်ထားတယ်။ အခြေအနေက တစ်နေ့ထက်တစ်နေ့ ပိုပိုကြောက်ဖို့ကောင်းလာတယ်" ဟု ပြောသည်။

လူငယ်များအနေဖြင့် နေအိမ်တွင်သာ တတ်နိုင်သမျှ နေထိုင်ကြရန် မိဘနှင့် အုပ်ထိန်းသူများက ပြောဆိုနေရသည်။ မော်လမြိုင်မြို့ခံတစ်ဦးက **"တကယ့်အရေးကြီးတဲ့ကိစ္စ မရှိရင် အိမ်မှာပဲ နေကြဖို့ မိဘတွေက သူတို့သားသမီးတွေကို ပြောနေတယ်။ အဖမ်းခံရမှာ ကြောက်လို့ ဘုရားပွဲတွေ အလှူပွဲတွေတောင် မသွားရဲကြတော့ဘူး"** ဟု ပြောသည်။

စစ်မှုထမ်းရန်အတွက် အတင်းအဓမ္မဖမ်းဆီးမှုများကြောင့် ရပ်ရွာအတွင်း၌ မယုံကြည်မှုများနှင့် အကြောက်တရားများ ပျံ့နှံ့နေသည်။ သံဖြူဇရပ်မြို့နယ်မှ ကလေး (၂) ယောက် ဖခင်ဖြစ်သူက **"အရင်ကဆို (၁၀) သိန်းလောက်**

## ဇန်နဝါရီလ ၂၀၂၅

**ပေးလိုက်ရင် ပြန်လွှတ်လာပြီ။ ဒါပေမဲ့ အခုတော့ စစ်တပ်နဲ့ နီးစပ်တဲ့သူတွေပဲ အဲလိုလုပ်လို့ ရတော့တယ်။ ကျန်တဲ့သူတွေကတော့ စစ်သင်တန်းကျောင်း အပို့ခံရပြီး ပြန်လမ်း မရှိတော့ဘူး"** ဟု ၎င်း၏စိုးရိမ်စိတ်ကို ပြောပြသည်။

မတရားဖမ်းဆီးခြင်းနှင့် အတင်းအဓမ္မစစ်မှုထမ်းစေခြင်းကြောင့် ရပ်ရွာများတွင် လူသားချင်း စာနာထောက်ထားမှုအကြပ်အတည်းများ ဖြစ်ပေါ်နေသည်။ မိသားစုဝင်များ တကွဲတပြား ဖြစ်နေကြရပြီး လူငယ်အမြောက်အမြားသည် ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် သတင်းအစအန ပျောက်ဆုံးသွားသည်။

စစ်ကောင်စီက ထိန်းချုပ်ထားနိုင်သည့် ဒေသများတွင် မတရားဖမ်းဆီးခြင်းနှင့် အတင်းအဓမ္မ စစ်မှုထမ်းစေခြင်းများ ပိုမိုဖြစ်ပွားနေကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ သတင်းအချက်အလက်များက ဖော်ပြနေသည်။ ဒေသအတွင်း အကြောက်တရားများ ပျံ့နှံ့နေပြီး ထွက်ပြေးတိမ်းရှောင်နေကြရသည်။ ငွေကြေးအဓမ္မကောက်ခံခြင်းများ၊ လာဘ်ငွေတောင်းခံခြင်း များနှင့် ငွေညှစ်မှုများလည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည်။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ညွှန်ကြားချက်ဖြင့် အုပ်ချုပ်ရေးမှူးများက နေအိမ်သို့ ရောက်ရှိလာပြီး အိမ်ထောင်စုစာရင်းကို ကောက်ယူနေကြောင်း မော်လမြိုင်၊ မုဒုံ၊ ကျိုက်မရောနှင့် သံဖြူဇရပ်မြို့နယ်များရှိ ဒေသခံပြည်သူများက ပြောသည်။

အဆိုပါကောက်ယူမှုသည် စစ်မှုထမ်းအသက်အရွယ်တွင် အကျုံးဝင်သူများကို စာရင်းကောက်ခြင်း ဖြစ်နိုင်ကြောင်း မိသားစုဝင်များက စိုးရိမ်ပူပန်နေသည်။

စစ်မှုထမ်းခြင်းကို ရှောင်လွှဲနိုင်ရန်အတွက် မိသားစုများက ငွေကြေးပမာဏအမြောက်အမြားကို ပေးဆောင်နေရသဖြင့် ငွေညှစ်သည့်ကိစ္စသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည်။ နိုင်ငံရပ်ခြားတွင် အလုပ်လုပ်နေသည့် သားသမီးများရှိသည့် မိဘများကို စစ်ကောင်စီက ပစ်မှတ်ထားပြီး တစ်ဦးလျှင် ငွေကျပ်သိန်း (၆၀) မှ သိန်း (၈၀) အထိ လာဘ်ငွေတောင်းခံနေသည်။

ယခုရက်ပိုင်းအတွင်း မွန်ပြည်နယ်တွင် ငွေညှစ်သည့်ကိစ္စသည် အောက်ပါအရေအတွက်အတိုင်း ဖြစ်ပွားခဲ့သည်ဟု ကွင်းဆင်းအဖွဲ့ဝင်များက သတင်းပို့သည်။

- **မော်လမြိုင်မြို့နယ်တွင် (၃) မှု**
- **မုဒုံမြို့နယ်တွင် (၂) မှုနှင့်**
- **သံဖြူဇရပ်မြို့နယ်တွင် (၂) မှု တို့ ဖြစ်သည်။**

**"နိုင်ငံခြားမှာကလေးတွေရှိတဲ့အိမ်က ပိုပေးရတယ်။ သူတို့က နိုင်ငံခြားမှာ အလုပ်လုပ်နေတယ်လို့ အာဏာပိုင်တွေက အာမခံပေးရလို့တဲ့"** ဟု မုဒုံမြို့နယ်မှ အသက် (၆၀) အရွယ် မိဘတစ်ဦးက ပြောသည်။

**"လိုအပ်တဲ့စာရွက်စာတမ်းတွေ မပြနိုင်ဘူးဆိုရင် စစ်မှုထမ်းဥပဒေအတိုင်း အမှုရင်ဆိုင်ရလိမ့်မယ်" ဟု ပြောသည်။**

ခရီးသွားနေစဉ်အတွင်း လူငယ်များ ပျောက်ဆုံးသွားမှုသည်လည်း အများအပြားဖြစ်ပွားလာသဖြင့် စိုးရိမ်မှုမြင့်တက်လာသည်။

ဇန်နဝါရီလ (၂၆) ရက်နေ့တွင် စစ်ကောင်စီက ခရီးသည်တင်ယာဉ် (၂) စီးကို မုဒုံနှင့် သံဖြူဇရပ်မြို့အကြား၌ ရပ်တန့်စစ်ဆေးခဲ့ပြီး လူငယ်ခရီးသွား အနည်းဆုံး (၁၂) ဦးကို ဖမ်းဆီးခဲ့သည်။

အခြားဖြစ်စဉ်တစ်ခုတွင် ရန်ကုန်မှ ရေးသို့ ခရီးထွက်လာသည့် လူငယ် (၈) ဦးသည်လည်း (၄) ရက်ကျော်ကြာ ပျောက်ဆုံးနေကြောင်း သိရသည်။

ကျိုက်မရောမြို့နယ်မှ ဒေသခံတစ်ဦးက **"ကလေးတွေ အိမ်ပြန်မလာဘူးဆိုရင် စစ်တပ်စခန်းတွေ စစ်လေ့ကျင့်ရေးကျောင်းတွေမှာ သွားစုံစမ်းသင့်တယ်။ လူငယ်တွေ အနေနဲ့ မလိုအပ်ရင် အပြင်မထွက်ဘဲ နေအိမ်ထဲမှာ နေဖို့ အကြံပေးချင်တယ်။ စစ်မှုမထမ်းချင်ဘူးဆိုရင် ပုန်းနေ**

## ဇန်နဝါရီလ ၂၀၂၅

**တာက အကောင်းဆုံးပဲ။ ဒီလိုမှမဟုတ်ရင် စစ်တပ်ဖမ်းတာ ခံရလိမ့်မယ်”** ဟု အကြံပြုပါသည်။

မြို့နယ်စစ်မှုထမ်းသင်တန်းသားစုဆောင်းရေးကော်မတီကလည်း ဩဇာအာဏာ ကြီးထွားနေပြီး မိသားစုများကို ဥပဒေဖြင့် အကြပ်ကိုင်ကာ ငွေညှစ်နေသည်။

နိုင်ငံရပ်ခြားတွင် အလုပ်လုပ်နေသည့် သားသမီးများအတွက် မိဘများက လုပ်ငန်းစာချုပ်နှင့် ပြည်ပထွက်ခွာကြောင်းအထောက်အထားများစသည့် အသေးစိတ်အချက်အလက်များကို တင်ပြနေ ရသည်။

ထိုသို့အထောက်အထားများ မပြသနိုင်ပါက သားသမီးများကို စစ်မှုထမ်းသင်တန်းသားအဖြစ် စာရင်းသွင်းခြင်းသို့မဟုတ် တရားခံပြေးအဖြစ် ကြေညာခြင်းများ ပြုလုပ်ခံရမည် ဖြစ်သည်။

မော်လမြိုင်မြို့မှ ဥပဒေကျွမ်းကျင်သူတစ်ဦးက **“သူတို့ဥပဒေအရတော့ မိဘတွေက သူတို့သားသမီးတွေရဲ့ အချက်အလက်တွေကို အတိအကျတင်ပြရတယ်။ အေဂျင်စီနဲ့ သွားတာလား၊ အလုပ်သမားအနေနဲ့ သွားတာလားက အစပေါ့။ အဲလို မပြနိုင်ဘူးဆိုရင် သူ့တို့သားသမီးကို စာရင်းသွင်းမယ်၊ တရားခံပြေးအဖြစ် ကြေညာပြီး ဖမ်းဝရမ်းထုတ်မယ်ပေါ့”** ဟု ပြောသည်။

စစ်မှုထမ်းဥပဒေကို အတင်းအကြပ်ပြဋ္ဌာန်းလာခြင်းကြောင့် ပြည်သူလူထုသည် အကြပ်အတည်းပေါင်းစုံကို စုပြုံခံစားနေရသည်။ စစ်ကောင်စီ၏ ဖိနှိပ်မှုအောက်တွင် နေထိုင်နေရသည့် ပြည်သူများအတွက် မတရားစစ်မှုထမ်းဥပဒေသည် “တစ်ပူပေါ်နှစ်ပူဆင့်” ဖြစ်နေသည်။

စစ်မှုထမ်းအပတ်စဉ် (၁) ခုလျှင် သင်တန်းသား (၅,၀၀၀) စုဆောင်းမည်ဖြစ်ပြီး လက်ရှိတွင် အပတ်စဉ် (၉) ကို ဖွင့်လှစ်နိုင်ရန် လုပ်ဆောင်နေသည်။ နောက်ဆက်တွဲအနေဖြင့် လူငယ်အများစုသည် ထွက်ပြေးပုန်းအောင်းနေရသည်။ မိသားစု တကွဲတပြား ဖြစ်နေပြီး လူသားချင်းစာနာမှုအကြပ်အတည်းကို ပိုမိုဆိုးရွားစေသည်။

သားပျောက်ဆုံးသွားသူ မိဘတစ်ဦးက **“ကျွန်တော်/မတို့မှာ ဘာအာဏာမှ မရှိဘူး။ သူတို့က ကျွန်တော်/မတို့သားကို ဖမ်းပြီး ကျွန်တော်/မတို့ဆီကနေ ငွေတောင်းတယ်။ မပေးရင် အပြစ်ပေးဦးမယ်။ ဒီဥပဒေက မိသားစုနဲ့ လူမှုအသိုင်းအဝိုင်းကို ဖျက်ဆီးဖို့ လုပ်ထားတာပဲ”** ဟု ပြောသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ဇန်နဝါရီလ (၂၃) ရက်နေ့တွင် စတင်အသက်သွင်းခဲ့ပြီး သာမန်ပြည်သူများသာမက ကျွမ်းကျင်ပညာရှင်များကိုပါ စစ်တပ်အတွင်းသို့ သွတ်သွင်းနိုင်ရန် တင်းကြပ်သည့်စည်းမျဉ်းများကို ထည့်သွင်းထားသည်။

အမျိုးသားဖြစ်ပါက အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်း၊ အမျိုးသမီးဖြစ်ပါက အသက် (၁၈) နှစ်မှ (၂၇) နှစ်အတွင်း စစ်မှုထမ်းရမည် ဖြစ်သည်။ ဆရာဝန်နှင့် အင်ဂျင်နီယာကဲ့သို့သော ကျွမ်းကျင်ပညာရှင်များအနေဖြင့် အမျိုးသားဖြစ်ပါက အသက် (၄၅) နှစ်အထိလည်းကောင်း၊ အမျိုးသမီးဖြစ်ပါက အသက် (၃၅) နှစ်အထိလည်းကောင်း စစ်မှုထမ်းရမည် ဖြစ်သည်။

ဥပဒေကို မလိုက်နာပါက အရေးယူနိုင်သည့် ပြစ်ဒဏ်များကိုလည်း ပြင်းပြင်းထန်ထန် ထည့်သွင်းထားသည်။ စစ်မှုထမ်းရန် စာရင်းမပေးသွင်းပါက ထောင်ဒဏ် (၃) နှစ် သို့မဟုတ် ငွေဒဏ် သို့မဟုတ် ဒဏ် (၂) ရပ်စလုံး ချမှတ်နိုင်သည်။

စစ်မှုထမ်းရန် ရှောင်လွှဲပါက ပိုမိုပြင်းထန်သည့် ပြစ်ဒဏ်များကို ကျခံရမည် ဖြစ်သည်။ ထောင်ဒဏ် (၅) နှစ်အထိ ကျခံရမည်ဖြစ်သည့်အပြင် ကူညီအားပေးသည့် မိသားစုဝင်များသည်လည်း ထောင်ဒဏ် (၁) နှစ် ကျခံရမည့်အရေးနှင့် ရင်ဆိုင်ရမည် ဖြစ်သည်။

ခရီးသွားလာခွင့်ကိုလည်း စစ်မှုထမ်းဥပဒေက ကန့်သတ်နိုင်ပြီး စစ်မှုထမ်းရမည်ဖြစ်ကြောင်း စာရင်းထည့်သွင်းခံရသူသည် ဗဟိုစစ်မှုထမ်းကော်မတီ၏ ခွင့်ပြုချက်မရရှိဘဲ နိုင်ငံရပ်ခြားသို့ ထွက်ခွာခွင့် မရှိချေ။

## ဇန်နဝါရီလ ၂၀၂၅

စစ်မှုထမ်းကာလကို (၂) နှစ်ဟု သတ်မှတ်ထားသော်လည်း အရေးပေါ်ကာလဖြစ်ပါက (၅) နှစ်အထိ သက်တမ်းတိုးမြှင့်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

### မြေမြှုပ်မိုင်းများ

မြေမြှုပ်မိုင်းပေါက်ကွဲမှုများလည်း အများအပြား ဖြစ်ပွားခဲ့ပြီး အထူးသဖြင့် စစ်ရှောင်ပြည်သူများကို ထိခိုက်ခဲ့သည်။

တနင်္သာရီမြို့နယ်ရှိ စစ်ရှောင်စခန်းတစ်ခုမှ ပြန်လာသူ အမျိုးသား (၂) ဦးသည် မြေမြှုပ်မိုင်းနင်းမိပြီး ကြမ္မာဆိုးငင်ခဲ့သည်။ မြိတ်ခရိုင် သိန်ခွန်းကျေးရွာအုပ်စု ချောင်းနှစ်ပေါက်ကျေးရွာအနီးတွင် မြေမြှုပ်မိုင်းပေါက်ကွဲခဲ့ခြင်း ဖြစ်ပြီး (၁) ဦး သေဆုံးကာ အခြား (၁) ဦးမှာ ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

ဇန်နဝါရီလ (၁) ရက်နေ့ ညနေပိုင်းတွင် အသက် (၄၀) အရွယ် စစ်ရှောင်အမျိုးသား ဦးဇော်မင်းနှင့် အခြားဒေသခံအမျိုးသားတစ်ဦးသည် ကျေးရွာသို့ ခေတ္တပြန်လာစဉ် မြေမြှုပ်မိုင်း နင်းမိခဲ့သည်။

**"စစ်ရှောင်စခန်းကနေ ရွာကို လမ်းလျှောက်ပြန်လာတုန်း မြေမြှုပ်မိုင်းပေါက်တာ။ အခြားတစ်ယောက်က လက်နှင့်ခြေထောက်တွေမှာ ဒဏ်ရာရသွားတယ်"** ဟု ဒေသခံတစ်ဦးက ရှင်းပြသည်။

ဦးဇော်မင်းသည် ပွဲချင်းပြီးသေဆုံးခဲ့ပြီး ၎င်း၏အဖော်ဖြစ်သူမှာ ပြင်းထန်ဒဏ်ရာကြောင့် ဆေးကုသမှု ခံယူနေရသည်။ တိုက်ပွဲနှင့် စစ်ကြောင်းထိုးမှုများကြောင့် ပြီးခဲ့သည့် ဒီဇင်ဘာလ လလယ်မှစ၍ ချောင်းနှစ်ပေါက်အပါအဝင် ကျေးရွာ (၁၀) ရွာမှ ဒေသခံပြည်သူများ တိမ်းရှောင်နေရသည်။

အများစုသည် အကြမ်းဖက်မှုမှ လွတ်မြောက်ရန်အတွက် ဝေးလံခေါင်သီသည့် နေရာများတွင် ယာယီစစ်ရှောင်တဲများ၌ ခိုလှုံနေရသည်။

နှစ်သစ်ကူးနေ့မတိုင်ခင် တစ်ရက်တွင် ရေဖြူမြို့နယ်၌ အလားတူအဖြစ်အပျက် ဖြစ်ပွားခဲ့သည်။ ဇာဒီကျေးရွာမှ ဒေသခံ (၂) ဦးသည် မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ ၎င်းတို့၏ ဆိုင်ကယ် ပျက်စီးခဲ့ပြီး ၎င်းတို့ (၂) ဦးသည်လည်း ထိခိုက်ဒဏ်ရာရခဲ့သည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုများ ခပ်စိတ်စိတ်ဖြစ်ပွားလာခြင်းကြောင့် စစ်ရှောင်ပြည်သူများမှာ အသက်ဘေးအန္တရာယ် ကြုံတွေ့နေရသည်။ ပဋိပက္ခဒေသတွင် နေထိုင်ရင်း အသက်ရှင်ရန် ရုန်းကန်နေရခြင်းကြောင့် ကသောင်းကနင်းဖြစ်မှုနှင့် မသေချာမရေရာမှုများကို အစဉ်အမြဲ ကြုံတွေ့နေရသည်။

နောက်ထပ်ဖြစ်စဉ်တစ်ခုတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ချောင်းနှစ်ခွကျေးရွာအုပ်စု မရမ်းကုန်းကျေးရွာမှ ဒေသခံအမျိုးသားတစ်ဦးသည် ကျေးရွာအဝင်ဝအနီးတွင် မြေမြှုပ်မိုင်း နင်းမိပြီး သေဆုံးခဲ့သည်။

ဇန်နဝါရီလ (၉) ရက်နေ့ ညနေ (၄) နာရီအချိန်တွင် လင်မယားနှစ်ဦးသည် လယ်ကွင်းမှ နေအိမ်သို့ ပြန်လာခဲ့သည်။ ကျေးရွာအဝင်ရှိ တောင်လမ်းပေါ်သို့ ရောက်ရှိချိန်တွင် အသက် (၄၀) အရွယ် ဦးချစ်မကွန်းသည် ဘေးတွဲဆိုင်ကယ်ကို ဆင်းတွန်းခဲ့ရာ မြေမြှုပ်မိုင်းနင်းမိခဲ့သည်။ ပေါက်ကွဲမှုကြောင့် ဒဏ်ရာပြင်းထန်စွာရရှိခဲ့သည်။

၎င်းကို မော်လမြိုင်ပြည်သူ့ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ခဲ့သော်လည်း သွေးထွက်လွန်ခြင်း ကြောင့် လမ်းခုလတ်တွင်ပင် သေဆုံးခဲ့သည်။ ဇနီးဖြစ်သူသည် လက်တွင် အသေးစားဒဏ်ရာ ရရှိခဲ့ပြီး အခြေအနေဆိုးရွားခြင်း မရှိချေ။

**"သူတို့က လယ်ကွင်းမှာ မြေသြဇာကျွေးပြီး အိမ်ပြန်လာကြတာ။ ကုန်းအတက်မှာ ဘေးတွဲကို ဆင်းတွန်းတော့ မိုင်းနင်းမိတာ။ ဆေးရုံရောက်ဖို့ အကုန်လုံးဝိုင်းကြိုးစားခဲ့ပေမဲ့ သွေးထွက်လွန်နေပြီ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

မရမ်းကုန်းကျေးရွာအဝင်နှင့် အနီးတဝိုက်ဧရိယာတွင် တိုက်ပွဲပြီးနောက် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် စစ်လက်နက်ပစ္စည်းများ တည်ရှိနေသဖြင့် အန္တရာယ်များသည့်နေရာတစ်ခု ဖြစ်သည်။ အဆိုပါနေရာတွင် မြေမြှုပ်မိုင်း

## ဇန်နဝါရီလ ၂၀၂၅

ပေါက်ကွဲမှု အနည်းဆုံး (၄) ကြိမ် ဖြစ်ပွားခဲ့ပြီး ဖြစ်သည်။

၂၀၂၃ နိုဝင်ဘာလလယ်တွင် တော်လှန်ရေးအင်အားစုများက ချောင်းနှစ်ခွရဲစခန်းနှင့် အတ္တရံတံတားရဲကင်းစခန်းကို ဝင်ရောက်တိုက်ခိုက်ရာမှ တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားခဲ့သည်။ ဒေသခံပြည်သူထောင်ချီ အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

စစ်တပ်က ကျေးရွာများတွင် ဝင်ရောက်တပ်စွဲနေခြင်းနှင့် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများ တည်ရှိနေခြင်းတို့ကြောင့် ဒေသခံပြည်သူများသည် နေရပ်မပြန်နိုင်သေးချေ။ အတိဒုက္ခမျိုးစုံကို ဆက်လက်အံတုရင်း စစ်ရှောင်နေရဆဲ ဖြစ်သည်။

## အနှစ်ချုပ်

ဒေသတွင်းနှင့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများအနေဖြင့် စစ်ကောင်စီ၏ အကြမ်းဖက်မှုများကို မှတ်တမ်းတင် ကောက်ခံနိုင်ရန်နှင့် ဖြေရှင်းနိုင်သည့်နည်းလမ်း ရှာဖွေနိုင်ရန် ပူးပေါင်းလုပ်ဆောင်မှုကို ပိုမိုခိုင်မာအားကောင်းအောင် လုပ်ဆောင်ရမည်။

အရင်းအမြစ်များ၊ အဆင့်မြင့်ကျွမ်းကျင်နည်းပညာများနှင့် သတင်းအချက်အလက်များကို အပြန်အလှန်မျှဝေပြီး လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့စေရန် လုပ်ဆောင်ရမည်။

မြန်မာနိုင်ငံတွင် ဖြစ်ပျက်နေသည့်အခြေအနေများကို ကမ္ဘာက သတိမူမိစေရန် စည်းရုံး လှုံ့ဆော်ခြင်းသည်လည်း အလားတူ အရေးပါသည်။ စစ်ကောင်စီကို နိုင်ငံတကာအသိုင်းအဝိုင်းက တောက်လျှောက်ဖိအားပေးရန်အတွက် စည်းရုံးလှုံ့ဆော်သည့် ကဏ္ဍသည် အရေးပါလှသည်။

ထိုသို့စည်းရုံးလှုံ့ဆော်ရာတွင် မတရားစစ်မှုထမ်းဥပဒေကြောင့် အတိဒုက္ခရောက်နေရသူများနှင့် စစ်ကောင်စီ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လူမှုအသိုင်းအဝိုင်း အပေါ် အကျိုးသက်ရောက်မှုများကို မီးမောင်းထိုးပြရမည် ဖြစ်သည်။


စစ်ကောင်စီအနေဖြင့် ၎င်းတို့ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအတွက် ပြစ်ဒဏ်ကျခံသင့်သည်မှာ အချိန်လင့်နေပြီ ဖြစ်သည်။ ထို့ကြောင့် စစ်ကောင်စီက ထိုက်သင့်သည့်ပြစ်ဒဏ်ကို အမြန်ဆုံးကျခံစေရန်အတွက် အရေးယူဆောင်ရွက်မှုများကို ချက်ချင်းလုပ်ဆောင်ရမည် ဖြစ်သည်။

## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။ ၂၀၂၅ ဇန်နဝါရီလအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၄၅) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၈၂) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၁၄၄) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၄၀) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

### ၂၀၂၅ ဇန်နဝါရီလတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဇန်နဝါရီလ ၂၀၂၅




**7+**

စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ

# 9+

## ၂၀၂၅ ဇန်နဝါရီလတွင်ဖြစ်ပွားခဲ့သည့် ဆန္ဒပြမှုအရေအတွက်

| 6 | 2 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၇၃,၅၀၀ +

စီမံကိန်းဇရိယာအတွင်းရှိ ထပ်မံတိုးပွားလာသည့်စစ်ဘေးရှောင်ပြည်သူဦးရေ

**မွန်၊ ကရင်နှင့် တနင်္သာရီဒေသများရှိ စစ်ကောင်စီ၏ပစ်မှတ်ထားခြင်းခံရသည့် ပြည်သူများဦးရေ**

| 8+ | 2+ | 24+ |
|---|---|---|
| အာဏာရှင်လက်အောက်တွင် အမှုမထမ်းခြင်း (CDM) ပြုလုပ်မှုကြောင့် ထောင်ဒဏ်ကျခံခဲ့ရသူဦးရေ | စစ်ကောင်စီတရားရုံးက ထောင်ဒဏ်ချမှတ်လိုက်သည့် တက်ကြွလှုပ်ရှားသူများဦးရေ | စစ်ကောင်စီက အစအနပျောက် လိုက်သည့် ပြည်သူများဦးရေ |

## 70+

မွန်နှင့်တနင်္သာရီဒေသတွင် အတင်းအဓမ္မငွေကြေးပေးဆောင်ရမှု (၇၀) ကျော် ဖြစ်ပွားခဲ့သည်။

## 368+

စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှု၊ လက်နက်ကြီးပစ်ခတ်မှုနှင့် ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှု တို့ကြောင့် ပျက်စီးခဲ့သည့် လူနေအိမ်အရေအတွက်



## 46+

ကရင်ပြည်နယ်တောင်ပိုင်း၊ မွန်ပြည်နယ်အရှေ့ပိုင်းနှင့် တနင်္သာရီတောင်ပိုင်းတို့တွင် စစ်ကောင်စီက ဒေသခံပြည်သူများကို လူသားဒိုင်းအဖြစ်အသုံးပြုခဲ့မှုဖြစ်စဉ် အရေအတွက်

## 65+

စစ်ကောင်စီတပ်များက သန်းခေါင်စာရင်းကောက်ခံစဉ်နှင့် စစ်ကြောင်းထိုးစဉ်အတွင်း ဒေသခံပြည်သူများပိုင်ဆိုင်သည့် မော်တော်ယာဉ်အစီး (၆၅) ကျော်ကို အသုံးပြုစေခိုင်းခဲ့သည်။

## 210 +

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ စီမံကိန်းဧရိယာတွင် စစ်ကောင်စီတပ်ရင်းများက ကျူးလွန်ခဲ့သည့် အဓမ္မငွေကြေးတောင်းခံမှုနှင့် အိုးအိမ်စည်းစိမ်လုယက်ဖျက်ဆီးမှု

## ကရင်ပြည်နယ်

- IDP ၂၄,၀၀၀+ ဦးခန့်တိုးမြှင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၆၄ ဦးခန့်
- သေဆုံးသူ ၁၀ ဦးခန့်

မွန်ပြည်နယ်

တနင်္သာရီ တိုင်းဒေသကြီး

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ထားသည့် သံဖြူဇရပ်-ဘုရားသုံးဆူ ကားလမ်းတလျှောက်ရှိ ဒေသခံပြည်သူများသည် ပြင်းထန်လာသည့်တိုက်ပွဲများ၊ စစ်ကြောင်းထိုးလာသည့် စစ်ကောင်စီတပ်များနှင့် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် စစ်ကျန် ပစ္စည်းများကြောင့် သံဖြူဇရပ်မြို့ပေါ်သို့ အတင်းအဓမ္မပြောင်းရွှေ့သွားခဲ့ရသည်။ ဆက်လက်ဖြစ်ပွားနေသည့် အကြမ်းဖက်မှုများကြောင့် ဒေသခံပြည်သူတို့၏ အသက်များ ဆုံးရှုံးနေကြောင်း ဒေသခံများက ပြောသည်။

စခန်းကြီးကျေးရွာတွင် တိုက်ပွဲများ နေ့စဉ်ဖြစ်ပွားခြင်း မရှိသော်လည်း မြေမြှုပ်မိုင်းပေါက်ကွဲမှုနှင့် စစ်ကြောင်းထိုးမှုများကြောင့် ရာဘာခြံလုပ်ငန်းများကို ရပ်တန့်ထားရသည်။ ရာဘာခြံ ပိုင်ရှင်များနှင့် အလုပ်သမားများသည် သက်မွေးဝမ်းကျောင်းမှုလုပ်ငန်းကို ရပ်တန့်ထားရသဖြင့် အခက်အခဲမျိုးစုံ ကြုံတွေ့နေရသည်။

"မြေမြှုပ်မိုင်းပေါက်ကွဲပြီးတဲ့နောက်မှာ ရဲတံခွန်နဲ့ အနီးအနားကလူတွေက ကြောက်လန့်နေ ကြတယ်။ ရာဘာခြံပိုင်ရှင်နဲ့ အလုပ်သမားတွေလည်း ခြံကို မသွားရဲကြတော့ဘူး" ဟု ဒေသခံတစ်ဦးက ပြောသည်။

လူထိခိုက်သေဆုံးခြင်းသည် ထိတ်လန့်ခြောက်ခြားဖွယ်ဖြစ်သည်။ ၂၀၂၄ ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း ရာဘာခြံတွင်အလုပ်လုပ်နေသည့် အမျိုးသား (၈) ဦးနှင့် အမျိုးသမီး (၄) ဦးသည် မြေမြှုပ်မိုင်းပေါက်ကွဲမှုကြောင့် ကိုယ်လက်အင်္ဂါဆုံးရှုံးခဲ့ရသည်။ ပငကျေးရွာမှ ဒေသခံတစ်ဦးမှာမူ အသက်ဆုံးရှုံးခဲ့ရသည်။

၂၀၂၄ နှစ်လယ်မှစ၍ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေပြီး ကျေးရွာများမှ ဒေသခံပြည်သူများက သံဖြူဇရပ်မြို့ပေါ်သို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ အိမ်ငှားအိမ်ဝယ်ပြီး နေထိုင်သူများ ရှိသကဲ့သို့ အိမ်ငှားခ ဈေးနှုန်းကြီးမြင့်သဖြင့် ယာယီခိုလှုံနေရသူများလည်း ရှိသည်။ ရာဘာခြံပိုင်ရှင်များသည်လည်း လုပ်ငန်းမလည်ပတ်နိုင်တော့ချေ။ ရာဘာခြံများကို ရောင်းချပြီး စစ်ဘေးရှောင်နေကြရသည်။

"လက်နက်ကြီးက နေ့တိုင်းပစ်နေတယ် ကြားတယ်။ တိုက်ပွဲမရှိလည်း ပစ်နေတာပဲ။ လူတွေက ရာဘာခြံတွေကို ပစ်ပြီး မြို့ပေါ်ကို ပြောင်းသွားကြတယ်။ ရှင်သန်ရပ်တည်ဖို့က ပိုပိုခက်ခဲလာတယ်" ဟု ရုန်းကန်နေရသည့် ရာဘာခြံလုပ်သားတစ်ဦးက ပြောသည်။

## မွန်ပြည်နယ်

- IDP ၂၀,၅၀၀ + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၃၂ ဦးခန့်
- သေဆုံးသူ ၁၄ ဦးခန့်

## ကရင်ပြည်နယ်

## တနင်္သာရီ တိုင်းဒေသကြီး

မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် စစ်ကောင်စီက လေကြောင်းတိုက်ခိုက်မှုများ ဆက်လက် လုပ်ဆောင်နေပြီး ကျေးရွာ (၁၅) ရွာမှ ဒေသခံပြည်သူ (၅,၀၀၀) နီးပါးသည် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရကြောင်း ကရင်အမျိုးသားအစည်းအရုံးမှ အရာရှိများက ပြောသည်။

ဒီဇင်ဘာလ (၂၄) ရက်နေ့တွင် စစ်ကောင်စီက လေကြောင်းကင်းထောက်မှုများ ပြုလုပ်ခဲ့ပြီးနောက် လေကြောင်းတိုက်ခိုက်မှုများပါ လုပ်ဆောင်ခဲ့သည်။ ကရင်နှစ်သစ်ကူးနေ့ ဒီဇင်ဘာလ (၃၀) ရက်နေ့တွင် ကြသောင်းဆိပ်ကျေးရွာနှင့် အနီးအနားဝန်းကျင်ကို ဗုံး (၄) လုံးအနည်းဆုံး ကြဲချ တိုက်ခိုက်ခဲ့ရာ ထိခိုက်မှုများပြားခဲ့သည်။

လေကြောင်းတိုက်ခိုက်မှုပြီးနောက် လေယာဉ်ဖြင့် ကင်းထောက်ခြင်းကို ဆက်လက်လုပ်ဆောင် ခဲ့သဖြင့် ဒေသခံပြည်သူများသည် မိမိတို့လုံခြုံရေးအတွက် ကြောက်ရွံ့ထိတ်လန့်နေကြသည်။

ကြသောင်းဆိပ်၊ ပျဉ်းမပင်၊ မြစ်ကျိုးနှင့် မင်းစောကျေးရွာများ အပါအဝင် ကျေးရွာ (၁၅) ရွာမှ ဒေသခံပြည်သူ (၄,၈၇၅) ဦးသည် ဗုံးခိုကျင်းနှင့် ကျောက်ဂူများတွင် ပုန်းအောင်းခိုလှုံနေရသည်။

**“လေယာဉ်က နေ့တိုင်းလာနေတော့ ရွာခံတွေက အိမ်မှာ မနေရဲတော့ဘူး။ အများစုက ကျောက်ဂူတွေမှာ တိမ်းရှောင်နေကြတယ်။ ကျွန်တော်တို့ဘက်က စားနပ်ရိက္ခာတွေ တတ်နိုင်သလောက် ထောက်ပံ့ပေးနေတယ်”** ဟု သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံး အတွင်းရေးမှူး ပဒိုစောအေးနိုင်က ပြောသည်။

အထက်ပါကျေးရွာ (၁၅) ရွာသည် သထုံခရိုင်ကရင်အမျိုးသားအစည်းအရုံးလက်အောက်ခံ တပ်မဟာ (၁) ထိန်းချုပ်နယ်မြေ ဘီးလင်းမြို့နယ်တွင် တည်ရှိသည်။ ကျေးရွာအများစုတွင် ကရင်လူမျိုးများ အဓိကနေထိုင်ကြသည်။

ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ကရင်အမျိုးသားအစည်းအရုံးက ကြေညာချက်ထုတ်ပြန်ပြီး စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုကို ပြင်းပြင်းထန်ထန် ရှုတ်ချခဲ့သည်။ ကရင်လူမျိုးတို့ အထွဋ်အမြတ်ထားရာ ကရင်နှစ်သစ်ကူးနေ့ကို နှောင့်ယှက်ဖျက်စီးခြင်းသည် ကရင်လူမျိုးတို့၏ ယဉ်ကျေးမှုနှင့် ယုံကြည်မှုတို့ကို မထီမဲ့မြင်ပြုခြင်းပင် ဖြစ်သည်။ ထိခိုက်ပျက်စီးမှုအတွက် အထူးဝမ်းနည်းကြောင်း၊ တိုက်ခိုက်မှုအတွက် စစ်ကောင်စီက တာဝန်ယူရမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

မွန်ပြည်နယ်တွင် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများသည် ၂၀၂၄ ဒီဇင်ဘာလတွင် အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာသည်။ စစ်ကောင်စီက ပြည်သူလူထုကို ပစ်မှတ်ထားပြီး အကြမ်းဖက်မှုများကို ကျူးလွန်နေသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အစီရင်ခံစာများအရ တစ်လတည်းတွင် အရပ်သားပြည်သူ (၁၃) ဦး ဖမ်းဆီးခံရပြီး (၉) ဦး သတ်ဖြတ်ခံခဲ့ရကြောင်း သိရသည်။

ဒီဇင်ဘာလ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ စစ်ကောင်စီက ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ ရေးနှင့် သံဖြူဇရပ်မြို့နယ်များမှ အမျိုးသား (၇) ဦးနှင့် အမျိုးသမီး (၆) ဦးကို ဖမ်းဆီးခဲ့သည်။ အမျိုးသား (၄) ဦးနှင့် အမျိုးသမီး (၃) ဦးကို ဆက်လက်ထိန်းသိမ်းထားသဖြင့် ဖမ်းဆီးခံရမှု အမြင့်ဆုံးအရေအတွက် ဖြစ်သည်။

ရေးမြို့နယ် မော့ကနင်ကျေးရွာမှ အမျိုးသမီးတစ်ဦးကို နောက်ပိုင်းတွင် ပြန်လည်လွှတ်ပေး ခဲ့သော်လည်း အခြားသူများ၏ ကံကြမ္မာကိုမူ မသိရှိရချေ။

အရပ်သားပြည်သူနေထိုင်သည့်နေရာများကို ရမ်းသမ်းပစ်ခတ်ခြင်းနှင့် မြေမြှုပ်မိုင်းပေါက်ကွဲခြင်း တို့ကြောင့် ရွာသား (၉) ဦး သေဆုံးခဲ့ပြီး (၁၀) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

အသက်ထိခိုက်သေဆုံးမှုများအပြင် စစ်ကောင်စီတပ်သားများက နေအိမ်များကို ဖောက်ထွင်းပြီး အဖိုးတန်ပစ္စည်းများကို လုယက်ယူငင်ကြသည်။ ရေး၊ သံဖြူဇရပ်၊ ဘီးလင်းနှင့် ကျိုက်ထိုမြို့နယ်များအပြင် မော်လမြိုင်ကဲ့သို့သော မြို့ကြီးများတွင်ပါ လုယက်ဖျက်စီးမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသည်။

သံဖြူဇရပ်၊ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များတွင် ဖြစ်ပွားခဲ့သည့် တိုက်ပွဲ (၉) ခုအတွင်း စစ်ကောင်စီတပ်က လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ သံဖြူဇရပ်မြို့နယ် ကျေးရွာ (၁၀) ရွာမှ ဒေသခံပြည်သူများသည် အသက်ဘေးလွတ်မြောက်ရန်အတွက် ထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။

မွန်ပြည်နယ် ရေးမြို့နယ် ကျုံလောင်းရွာဟောင်းအနီးတွင် စစ်ကောင်စီတပ်နှင့် တော်လှန်ရေးအင်အားစုများအကြား စစ်ရေးတင်းမာနေသဖြင့် ဇန်နဝါရီလ (၁၂) ရက်နေ့တွင် ဒေသခံပြည်သူ (၁,၀၀၀) နီးပါး တိမ်းရှောင်နေရသည်။

ရေးမြို့နယ်အခြေစိုက် အမှတ် (၃၁၆) အမြောက်တပ်ရင်း၊ အမှတ် (၁၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ အမှတ် (၁၉) တပ်ရင်း၊ အမှတ် (၆၁) ခြေမြန်တပ်ရင်းနှင့် အမှတ် (၅၉၁) ခြေလျင်တပ်ရင်းတို့က လက်နက်ကြီးဖြင့် မရပ်မနားပစ်ခတ်နေသည့်အပြင် လေကြောင်းတိုက်ခိုက်မှုပါ လုပ်ဆောင်ခဲ့သည်။

အဆိုပါတိုက်ခိုက်မှုများကြောင့် ကျုံလောင်းရွာဟောင်း၊ ကျောက်မိချောင်း၊ ကွင်းရှည်၊ ဝယ်ပေါင်၊ ဝယ်ဇင်နှင့် အနီးအနားကျေးရွာများသည် ရွာလုံးကျွတ် ထွက်ပြေးတိမ်းရှောင်နေရသည်။

အမျိုးသမီးနှင့် ကလေးသူငယ်များအပါအဝင် စစ်ရှောင်ပြည်သူ အယောက် (၄၂၀) သည် မွန်ပြည်သစ်ပါတီထိန်းချုပ်ဒေသ ခမ္မပါလကျေးရွာတွင် ခိုလှုံနေရသည်။ အခြားစစ်ရှောင်များသည် ကျုံလောင်းကျေးရွာအုပ်စု၊ လိပ်ပုတ်ကျေးရွာနှင့် ရေးမြို့နယ်ရှိ အခြားနေရာများတွင် တိမ်းရှောင်နေရသည်။

**“လက်နက်ကြီးနဲ့ အပြင်းအထန်ပစ်ခတ်နေလို့ ရွာလုံးကျွတ် ထွက်ပြေးနေရတယ်။ ဒေသခံရွာသား (၂) ယောက်ကိုလည်း စစ်ကောင်စီတပ်သားတွေက ပစ်သတ်လိုက်တယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

သတ်ဖြတ်ခံရသူရွာသား (၂) ဦးကို အိုင်ပုတ်ကျေးရွာအနီးတွင် တွေ့ရှိခဲ့သည်။ သို့သော် စစ်ကောင်စီတပ်သားများက အနီးအနားတွင် ရှိနေသဖြင့် ရုပ်အလောင်းများကို မည်သူမျှ မကောက်ရဲကြချေ။

ဇန်နဝါရီလ (၁၀) ရက်နေ့တွင် လက်နက်ကြီးထိမှန်သဖြင့် ထိခိုက်ဒဏ်ရာရခဲ့သူ ရွာသား (၂) ဦးကို ဆေးရုံသို့ ပို့ဆောင်စဉ် အိုင်ပုတ်ကျေးရွာအနီးတွင် စစ်ကောင်စီက ယာဉ်ကို ရပ်တန့်စေခဲ့သည်။

ယာဉ်ပေါ်တွင် စားနပ်ရိက္ခာထည့်သည့်ပုံးများကို တွေ့ရှိသဖြင့် တော်လှန်ရေးအင်အားစုများကို ရိက္ခာထောက်ပံ့သည်ဟုဆိုကာ နေရာတွင်ပင် ပစ်သတ်ခဲ့သည်။

**“အဲနှစ်ယောက်ရဲ့အလောင်းက အိုင်ပုတ်ရွာနားမှာပဲ ရှိသေးတယ်။ စစ်ကောင်စီတပ်သားတွေ ရှိနေတော့ ဘယ်သူမှ အလောင်းမကောက်ရဲဘူး”** ဟု အိုင်ပုတ်ရွာသားတစ်ဦးက ပြောသည်။

လက်ရှိတွင် စစ်ကောင်စီတပ်သားများသည် ခမ္မိကာရုံဘုန်းတော်ကြီးကျောင်း၊ ဘိုကလေးတောရ ဘုန်းတော်ကြီးကျောင်းနှင့် ရေး-ရေးချောင်းဖျားကားလမ်းပေါ်ရှိ အိုင်ပုတ်ကျေးရွာများတွင် စခန်းချနေသည်။

တော်လှန်ရေးတပ်ဖွဲ့များက ရေးချောင်းဖျားဒေသ ကျုံလောင်းရွာဟောင်းအနီးတွင် လှုပ်ရှားနေသည်ဟု သတင်းရရှိသဖြင့် စစ်ကောင်စီတပ်က ဇန်နဝါရီလ (၈)

ရက်နေ့တွင် လက်နက်ကြီးများ စတင်ပစ်ခတ်ခဲ့သည်။

၎င်းနောက် မွန်လက်နက်ကိုင်အဖွဲ့များ၊ အမျိုးသားညီညွတ်ရေး အစိုးရ၏ ဒေါနစစ်ကြောင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာဒီမို ကရက်တစ်ကျောင်းသားတပ်ဦးနှင့် စစ်ကောင်စီတပ်တို့သည် ဇန်နဝါရီလ (၉) ရက်နေ့မှ (၁၂) ရက်နေ့အထိ တိုက်ပွဲပြင်းထန် ခဲ့သည်။

တိုက်ပွဲကြောင့် ဒေသခံပြည်သူများသည် အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရပြီး ပဋိပက္ခ ဆက်လက်ပြင်းထန်နေ သဖြင့် ကြောက်ရွံ့ထိတ်လန့်လျက်ရှိနေသည်။

မွန်ပြည်နယ် ရေးမြို့နယ် ကျုံလောင်းရွာဟောင်းတွင် တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်ကောင်စီတပ်က ရေးမြို့နယ် အဝင်အထွက်နေရာများတွင် လုံခြုံရေးတင်းကြပ်ထားပြီး ဒေသခံပြည်သူများနှင့် ခရီးသွားများကို တင်းတင်းကြပ်ကြပ် စစ်ဆေးနေသည်။

အခြေခံစားသောက်ကုန်များ အထူးသဖြင့် ဆန်နှင့် ချက်ပြုတ် စရာများကို ကျေးရွာများအကြား သယ်ယူပို့ဆောင်ခွင့်ကို တားမြစ်လိုက်သည်။

အဆိုပါတားမြစ်ချက်ကြောင့် စားနပ်ရိက္ခာပြတ်လပ်မည်ကို စိုးရိမ်လာကြသည်။ စစ်ရှောင်ပြည်သူများအတွက် လိုအပ်သ ည့်ပစ္စည်းများနှင့် ဆေးဝါးများ မရရှိမည်ကို စိတ်ပူနေကြသည်။

ဇန်နဝါရီလ (၁၂) ရက်နေ့မှစ၍ ကျောင်းရွာကျေးရွာအတွင်း သို့ ဆန်နှင့် ကုန်ခြောက် အနည်းငယ်ကိုသာ သယ်ယူခွင့် ပြုထားသည်။ ဆန်တစ်အိတ်ထက် ပိုမိုသယ်ဆောင်ပါက စစ်ဆေးရေးဂိတ်များက သိမ်းယူနေသည်။

**"တားမြစ်ချက်တွေက တော်တော်လေးတင်းကြပ်တယ်။ ရေး ကနေ ဆန်ဘယ်လိုမှ သယ်လို့မရဘူး။ မွန်ပြည်သစ်ပါတီ ထဲက ရွာကနေ စားနပ်ရိက္ခာတွေ ဝယ်လာတဲ့အဖွဲ့တစ်ဖွဲ့ ဆီက ရိက္ခာတွေကို မနေ့ကပဲ သိမ်းယူလိုက်တယ်။ စစ်ဆေး ရေးဂိတ်ရယ်လို့ သတ်သတ်မှတ်မှတ် မရှိဘူး။ စစ်သားတွေ ကို ကြုံသလို တားပြီး စစ်ဆေးနေတယ်။ ကျောင်းရွာမှာတောင် ဆန်၊ ဆီနဲ့ ဆေးဝါးတွေက ပြတ်နေပြီ။ ကျောင်းရွာနဲ့ ရေးကြား က လမ်းကိုလည်း ဘယ်သူမှမသွားရဲကြဘူး"** ဟု ဒေသခံတစ် ဦးက ရှင်းပြသည်။

ကျောင်းရွာကျေးရွာရှိ ဈေးဆိုင်များတွင် စားသောက်ကုန်များ ပြတ်လပ်နေပြီး ပစ္စည်းပြတ်နေသဖြင့် ဆိုင်အများအပြား ပိတ်သိမ်းထားရသည်။ တိုက်ပွဲက ဆက်လက်ဖြစ်ပွားနေသ ဖြင့် ဒေသခံပြည်သူများမှာ အသွားအလာ သတိထားနေရပြီး ကလေးများကိုမူ နေအိမ်တွင်သာ နေခိုင်းထားသည်။

ကျုံလောင်းရွာဟောင်းအနီးက စစ်ကောင်စီနှင့် တော်လှန်ရေး အင်အားစုများအကြားက တိုက်ပွဲသည် ဇန်နဝါရီလ (၉) ရက် နေ့တွင် စတင်ခဲ့ပြီး တိုက်ပွဲစသည့်နေ့မှ ရပ်နားခြင်းမရှိဘဲ ဆက်တိုက်,တိုက်ခိုက်နေကြသည်။

ရေးမြို့အခြေစိုက် စစ်ကောင်စီတပ်ရင်းများက လက်နက်ကြီး ဖြင့် ပစ်ခတ်နေသကဲ့သို့ လေကြောင်းတိုက်ခိုက်မှုလည်း လုပ်ဆောင်နေသည်။ ကျုံလောင်း၊ ကျောက်မီချောင်းနှင့် ဝယ် ပေါင်ကျေးရွာများမှာ ရွာလုံးကျွတ် ထွက်ပြေးနေရသည်။ စစ် ရှောင်ပြည်သူအများစုသည် မွန်ပြည်သစ်ပါတီထိန်းချုပ်ဒေသ တွင် ခိုလှုံနေကြသည်။

မွန်ပြည်သစ်ပါတီ၏ လူသားချင်းစာနာထောက်ထားမှုနှင့် ဖွံ့ဖြိုးရေးဌာနက ၎င်းတို့ထိန်းချုပ်ဒေသကို ရောက်ရှိလာသည့် စစ်ရှောင်ပြည်သူများကို စားနပ်ရိက္ခာများ အရေးပေါ်ထောက်ပံ့ ပေးနေသည်။

သို့သော် တိုက်ပွဲများ ဆက်လက်ပြင်းထန်လာပြီး စစ်ရှောင် ပြည်သူဦးရေ ထပ်မံမြင့်တက်လာသဖြင့် အကူအညီများ ပိုမို လိုအပ်လာသည်။

ပြီးခဲ့သည့်ရက်သတ္တပတ်များအတွင်း မွန်ပြည်နယ် သထုံ ခရိုင်တွင် စစ်ကောင်စီ၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှု ကြောင့် အမျိုးသမီး (၂) ဦး သေဆုံးပြီး (၅) ဦး ထိခိုက်ဒဏ်ရာ ရခဲ့သည်။ တိုက်ခိုက်မှုကြောင့် နေအိမ်များ၊ အိမ်မွေးတိရစ္ဆာန် များနှင့် ပိုင်ဆိုင်မှုများ ထိခိုက်ပျက်စီးခဲ့သည်။ ဒေသခံပြည် သူများလည်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

ဇန်နဝါရီလ (၁၂) ရက်နေ့တွင် အမှတ် (၄၀၅) ခြေလျင်တပ်ရင်းက ဘီးလင်းမြို့နယ် အစုးချောင်းကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ဒေသခံ (၁) ဦး ဒဏ်ရာရပြီး နေအိမ် (၆) လုံး ပျက်စီးခဲ့သည်။

ဇန်နဝါရီလ (၁၀) ရက်နေ့တွင်လည်း အမှတ် (၄၄) ခြေလျင်တပ်ရင်းက ကျိုက်ထိုမြို့နယ် ငှက်ပျောတောကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။

လက်နက်ကြီးကျည်သည် ထီးညာအိုရပ်ကွက်ရှိ ဦးအောင်စိုး၏ နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး နော်အေးသည် ဘယ်ဘက်လက်မောင်းတွင် ပြင်းထန်ဒဏ်ရာ ရရှိခဲ့သည်။ နေအိမ်လည်း မီးလောင်ပျက်စီးခဲ့ပြီး ငွေသား (၆၅) သိန်းနှင့် ရွှေထည်များလည်း မီးနှင့်အတူ ပျက်စီးဆုံးရှုံးခဲ့ရသည်။

အကြမ်းဖက်မှုများသည် အနီးအနားရှိ ကျေးရွာများတွင် ဖြစ်ပွားနေသည်။ ငှက်ပျောတောကျေးရွာတွင် လက်နက်ကြီးကြောင့် ငွေသားသိန်း (၆၀) ကျော်နှင့် နေအိမ်သည် မီးလောင်ပျက်စီးခဲ့သည်။ နတ်ကြီးနှင့် အစုးချောင်းကျေးရွာများတွင်လည်း နေအိမ် (၈) လုံး ထိခိုက်ပျက်စီးခဲ့သည်။

တိုက်ပွဲဖြစ်ပွားခြင်းမရှိသော်လည်း စစ်ကောင်စီက ကျေးရွာများကို ရမ်းသမ်းပစ်ခတ်မှုများ မကြာခဏလုပ်ဆောင်ခဲ့ကြောင်း ဒေသခံများက ပြောသည်။ ဒရုန်းများကို အသုံးပြု၍လည်း ကျေးရွာများအပေါ်ကို ဗုံးသီးများ ကြဲချတိုက်ခိုက်ခဲ့သည်။

ဇန်နဝါရီလ (၅) ရက်နေ့တွင် မဲဇလီတွင်အခြေစိုက်သည့် စစ်ကောင်စီတပ်သားများက အစုးချောင်းကျေးရွာကို လက်နက်ကြီးဖြင့် (၉) ကြိမ် ပစ်ခတ်ခဲ့သည်။ လက်နက်ကြီးအချို့သည် စောကော်လားခြံအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး နွား (၁) ကောင်နှင့် ကျွဲ (၃) ကောင် သေဆုံးခဲ့ရသည်။ နတ်ကြီးအခြေစိုက် စစ်ကောင်စီတပ်က လက်နက်ကြီး ပစ်ခတ်ခဲ့ရာ နတ်ကြီးကျေးရွာ ရပ်ကွက်သစ်တွင်လည်း လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့သည်။

ဦးသန်းထွန်း၏နေအိမ်ပေါ်သို့ လက်နက်ကြီး ကျရောက်ပေါက်ကွဲခဲ့ပြီး အသက် (၅၅) နှစ်အရွယ် ဒေသခံ (၁) ဦးနှင့် အသက် (၂၈) နှစ်အရွယ် တူမဖြစ်သူ မိသဲအိစိုးတို့ သေဆုံးခဲ့သည်။ အသက် (၃၅) နှစ်အရွယ် မခိုင်ပု၊ အသက် (၁၉) နှစ်အရွယ် နော်လှဂေနှင့် အသက် (၅၀) အရွယ် ဒေါ်အမော်တို့သည်လည်း ဦးခေါင်းနှင့် လက်များတွင် ထိခိုက်ဒဏ်ရာရခဲ့သည်။

၂၀၂၃ ခုနှစ်မှစ၍ စစ်ရေးတင်းမာမှုကြောင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ဓမ္မသတ်၊ တရနာ၊ ကော့စွယ်၊ ကော့သတ်၊ ခရုံဂူ၊ သံကလောင်နှင့် ကျွန်းကုန်းကျေးရွာများတွင် ထိခိုက်ပျက်စီးမှုများ အကြီးအကျယ်ဖြစ်ပွားခဲ့သည်။ မြေမြှုပ်မိုင်းများနှင့် မပေါက်ကွဲသေးသည့် စစ်ပစ္စည်းများကြောင့် ဒေသခံပြည်သူများသည် လယ်ယာလုပ်ငန်းခွင်ကို မဝင်ရောက်နိုင်ကြချေ။ ဒေသတွင်း ဆန်စပါးပြတ်လပ်မှု ဖြစ်ပေါ်နေသည်။

**"တိုက်ပွဲပြီးတော့ မြေမြှုပ်မိုင်းတွေ ဗုံးတွေက လယ်ကွင်းတစ်ခုလုံးမှာ ပျံ့ကြဲနေတယ်။ စစ်တပ်ကလည်း လယ်ထဲမဆင်းဖို့ သတိပေးထားတယ်။ အဲတော့ တစ်ယောက်မှ မသွားရဲကြဘူး။ ကျွန်တော်တို့က မနှစ်ကျန်တဲ့ဆန်ကိုပဲ စားနေရတယ်။ အခုတော့ ဆန်ပြတ်သွားပြီ။ ရွာမှာလည်း ဆန်ဝယ်လို့ မရဘူး"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ကျေးရွာတွင် ဆန်ပြတ်လပ်နေသဖြင့် ဒေသခံပြည်သူများသည် အနီးအနားရှိမြို့ပေါ်သို့ တက်၍ ဆန်ဝယ်နေရသည်။ သို့သော် ဆန်စျေးနှုန်းများ အဆမတန်မြင့်တက်နေပြီး ဆန်တစ်အိတ်ကို ငွေ (၂) သိန်းကျပ်အထိ ပေးဝယ်နေရသည်။

**"ရွာမှာတော့ ဆန်တွေက ဈေးချိုတာပေါ့။ ဒါပေမဲ့ ဘယ်သူမှ မရောင်းကြတော့ဘူး။ အရေးပေါ်အတွက် သိမ်းထားကြတယ်။ ကျွန်တော်တို့လို လယ်မရှိတဲ့သူတွေကျတော့ မြို့ပေါ်တက်ပြီး ဆန်ကို ဈေးကြီးပေးပြီး ဝယ်စားရတာပေါ့"** ဟု အခြားရွာသားတစ်ဦးက ရှင်းပြသည်။

စစ်ကောင်စီ၏ တားမြစ်ကန့်သတ်ချက်များက အခြေအနေကို ပိုမိုဆိုးရွားစေသည်။

ကော့သတ်ကျေးရွာတွင် တပ်စွဲထားသည့် စစ်ကောင်စီ တပ်သားများက ဆန်သယ်ယူမှုကို ကန့်သတ်ထားပြီး တားမြစ်ချက်ကို ဖောက်ဖျက်ပါက ပစ္စည်းများကို သိမ်းယူနေသည်။

လယ်ယာလုပ်ငန်းဝင်ရောက်ရန် တားမြစ်ခံရခြင်းနှင့် စားနပ်ရိက္ခာသယ်ယူခွင့် ကန့်သတ်ခံရခြင်း တို့ကြောင့် မိသားစုအများအပြားသည် အခြေခံလိုအပ်ချက်များ ဖြည့်ဆည်းရန်ပင် ရုန်းကန်နေ ရသည်။ ဆန်ပြတ်လပ်မှု ပိုမိုဆိုးရွားလာပြီး ဈေးနှုန်းများ မြင့်တက်လာသည်။ ချက်ချင်း ဖြေရှင်းနိုင်မည့်နည်းလမ်း မရှိသဖြင့် ဒေသခံပြည်သူများ၏ဘဝသည် မသေချာ မရေရာမှုများနှင့် ပြည့်နှက်နေသည်။

မွန်ပြည်နယ် ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များကို စစ်ကောင်စီက လက်နက်ကြီးဖြင့် ဆက်လက်ပစ်ခတ်နေသဖြင့် ဒေသခံပြည်သူများသည် အကြောက်တရားအောက်တွင် နေထိုင်နေရသည်။

၂၀၂၅ ဇန်နဝါရီလ ဒုတိယအပတ်တွင် ပြင်းထန်သည့်တိုက်ပွဲကြောင့် အရပ်သားပြည်သူများ ထိခိုက်ဒဏ်ရာရခဲ့ပြီး နေအိမ်များလည်း ပျက်စီးခဲ့သည်။ ၎င်းပြင် ဒေသခံများသည် ဗုံးခိုကျင်းများတွင် ပုန်းအောင်းခြင်း၊ တိမ်းရှောင်ခြင်းများ ပြုလုပ်ခဲ့ရသည်။

ဘီးလင်းမြို့နယ် ကရဝေးဆိပ်ကျေးရွာတွင် အမှတ် (၄၄) တပ်ရင်းမှ စစ်ကောင်စီတပ်ဖွဲ့ဝင်များက ဇန်နဝါရီလ (၁၈) ရက်နေ့ နေ့ခင်း (၁) နာရီတွင် ၄က်ပျောတောနှင့် တဂေချောင်းဖျားကျေးရွာကြားရှိ လမ်းပိုင်း၏ အနီးအနားဝန်းကျင်ကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။

လက်နက်ကြီးသည် ဦးရွှေ၏ ဈေးဆိုင်နှင့် နေအိမ်ရှေ့တွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ၎င်းသည် နဖူး၊ နားရွက်နှင့် မျက်နှာတို့တွင် အသေးစားဒဏ်ရာများ ရရှိခဲ့သည်။ ပေါက်ကွဲမှုကြောင့် နေအိမ်နှင့် ဈေးဆိုင် ထိခိုက်ပျက်စီးခဲ့သည်။

လက်နက်ကြီးပစ်ခတ်မှုများနှင့် ဒရုန်းဖြင့် ဗုံးသီးချတိုက်ခိုက်မှုများကြောင့် နေအိမ်၊ ဘုန်းတော်ကြီးကျောင်းနှင့် အများသုံးသောက်ရေကန်များ ထိခိုက်ပျက်စီးခဲ့သည်။ ဒေသခံပြည်သူအများအပြား ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ နေအိမ်တွင်ကျန်ရစ်ခဲ့သူများသည်လည်း တိုက်ခိုက်မှုကို ကြောက်ရွံ့သဖြင့် ဗုံးခိုကျင်းများတွင် ပုန်းအောင်းနေရသည်။

**“သူတို့က လက်နက်ကြီးနဲ့ ရမ်းပစ်နေတာ။ ဒရုန်းနဲ့လည်း ဗုံးသီးတွေ ချတယ်။ လူနေအိမ်တွေကတော့ တောက်လျှောက်ထိနေတာပေါ့”** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဇန်နဝါရီလ (၁၉) ရက်နေ့ မနက် (၁၁) နာရီအချိန်ခန့်တွင် သိမ်ဇရပ်အခြေစိုက် အမှတ် (၃၁၀) အမြောက်တပ်ရင်းက ကျိုက်ထိုမြို့နယ် ခရွဲကျေးရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ လျှပ်စစ်မီးလိုင်းများ ထိခိုက်ပျက်စီးခဲ့သဖြင့် လျှပ်စစ်မီးပြတ်တောက်ခဲ့ရသည်။ ၎င်းပြင် ကိုမိုးမင်း၏ နေအိမ်သည်လည်း မီးလောင်ပျက်စီးခဲ့သည်။

ဇန်နဝါရီလ (၁၇) ရက်နေ့တွင် မဲပလီဒေသရှိ အမှတ် (၄၀၄) နှင့် (၄၀၅) ခြေမြန်တပ်ရင်းတို့က ဘီးလင်းမြို့နယ် အစူးချောင်းကျေးရွာကို ၁၂၀-မမ လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ ဘုရားကျောင်း (၁) ကျောင်း၊ ရေကန် (၁) ခု၊ ဘုန်းတော်ကြီးကျောင်း (၁) ကျောင်းနှင့် နေအိမ် (၁) လုံး ထိခိုက်ပျက်စီးခဲ့သည်။

နောက်တစ်နေ့တွင် ကျေးရွာအနီး၌ လက်နက်ကြီး ထပ်မံကျရောက်ပေါက်ကွဲခဲ့သော်လည်း ထိခိုက်ဒဏ်ရာမှုများ မရှိချေ။ သို့သော် တိုက်ခိုက်မှုကြောင့် အစူးချောင်း၊ မဲ့ပလီ၊ ဝါးဒက်ကွင်းနှင့် ခရွဲကျေးရွာများအပါအဝင် အနီးအနားဒေသမှ ဒေသခံပြည်သူထောင်ချီ ထွက်ပြေးတိမ်းရှောင် နေရသည်။

လက်နက်ကြီးပစ်ခတ်မှု ဆက်တိုက်ဖြစ်ပွားနေသော်လည်း ကရဝေးဆိပ်မှ အချို့ဒေသခံ ပြည်သူများသည် နေအိမ်တွင်သာ ကျန်နေရစ်ပြီး ဗုံးခိုကျင်းများတွင် ပုန်းအောင်းနေကြသည်။ လက်နက်ကြီးပစ်ခတ်သံ မကြားရသည့်အချိန်တွင်မှ နေ့စဉ်လုပ်ငန်းဆောင်တာများကို လုပ်ဆောင်ကြသည်။

ဇန်နဝါရီ (၃) ရက်နေ့တွင် ဘီးလင်းမြို့နယ် နတ်ကြီးကျေးရွာအခြေစိုက် အမြောက်တပ်ရင်း၏ လက်နက်ကြီးပစ်ခတ်မှုက နတ်ကြီးကျေးရွာ အရှေ့ရပ်ကွက်ရှိ ဦးသန်းထွန်း၏နေအိမ်ကို ထိမှန်ခဲ့သည်။ အသက် (၅၅) နှစ်အရွယ် ဦးသန်းထွန်းနှင့် အသက် (၂၈) နှစ်အရွယ် တူမဖြစ်သူ မသဲအိစိုးတို့ ပွဲချင်းပြီးသေဆုံးခဲ့သည်။ အခြားဒေသခံ (၃) ဦးဖြစ်သည့် အသက် (၃၅)

နှစ်အရွယ် မခိုင်ပု၊ အသက် (၁၉) နှစ်အရွယ် နော်လှဂေနှင့် အသက် (၅၀) အရွယ် ဒေါ်အမော်တို့သည် ဦးခေါင်းနှင့် လက်များတွင် ထိခိုက်ဒဏ်ရာရခဲ့သည်။

ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များ၏ အခြေအနေသည် ဆက်လက်ဆိုးရွားနေဆဲဖြစ်သည်။ ၂၀၂၄ ဒီဇင်ဘာလ တစ်လတည်းတွင်ပင် ကရင်အမျိုးသားအစည်းအရုံး တပ်မဟာ (၁) နယ်မြေကို ပစ်မှတ်ထားခဲ့သည့် လက်နက်ကြီးပစ်ခတ်မှုနှင့် အလားတူသည့် တိုက်ခိုက်မှုကြောင့် ကျိုက်ထိုနှင့် ဘားအံမြို့နယ်များမှ အရပ်သား ပြည်သူ (၄) ဦး သတ်ဖြတ်ခံရပြီး (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

**တနင်္သာရီ တိုင်းဒေသကြီး**

- IDP ၂၉,၀၀၀+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ ၄၈ ဦးခန့်
- သေဆုံးသူ ၁၆ ဦးခန့်

၂၀၂၄ ဒီဇင်ဘာလ (၁၇) ရက်နေ့ကတည်းက တနင်္သာရီတိုင်းတွင် စစ်ကောင်စီက စစ်ရေးအရှိန်မြှင့်နေပြီး ရေဖြူ၊ ထုံခါ၊ ချောင်းနှစ်ခွနှင့် သိန်ခွန်းစသည့် မြိတ်-ထားဝယ် ကားလမ်းတလျှောက်ရှိ ကျေးရွာများတွင် တော်လှန်ရေးအင်အားစုများနှင့် တိုက်ပွဲဖြစ်ပွားနေသည်။ တနင်္သာရီကျောင်းသားသမဂ္ဂကွန်ရက်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ တိုက်ပွဲများကြောင့် စစ်ရှောင်ဦးရေ သိသိသာသာများပြားလာကြောင်း သိရသည်။

**"စစ်ရှောင်ဦးရေကတော့ (၂,၀၀၀) ကနေ (၆,၀၀၀) အထိ တိုးလာတယ်။ အခြေအနေအရတော့ အစားအစာနဲ့ ဆေးဝါးတွေ အရေးပေါ်လိုအပ်နေတယ်။ ရေရှည်မှာလည်း အမိုးအကာတို့ အဝတ်အထည်တို့ စောင်တို့ လိုအပ်မယ်"** ဟု ၎င်းက ပြောသည်။

စစ်ရှောင်ပြည်သူအများစုက အနီးအနားရှိ တောတောင်များနှင့် လယ်တဲများတွင် ခိုလှုံနေကြသည်။ ယာယီတဲစခန်းများတွင် ခိုလှုံနေရခြင်းကြောင့် အခြေအနေမှာ ခက်ခဲနေပြီး အစားအစာ၊ သောက်သုံးရေနှင့် အမိုးအကာများ လိုအပ်နေသည်။

နွေဦးမေတ္တာစစ်ဘေးရှောင်ကူညီစောင့်ရှောက်ရေးအသင်းမှ အဖွဲ့ဝင်တစ်ဦးက **"ပရဟိတသမား တစ်ယောက်အနေနဲ့ စားနပ်ရိက္ခာတွေကို ပို့ဆောင်ဖို့ ပဋိပက္ခနေရာတွေကို ဖြတ်သန်းသွားလာ နေရတယ်။ အကူအညီတကယ်လိုအပ်နေတဲ့သူတွေဆီ ရောက်ဖို့က အတော်လေးကို ခက်ခဲတယ်။ ကျွန်တော်တို့မှာ အစားအစာတွေ ဆေးဝါးတွေ ရှိတယ်ဆိုဦးတော့ တိုက်ပွဲတွေကြောင့် စစ်ရှောင်တွေ ဆီကို အရောက်ပို့ဖို့က မဖြစ်နိုင်သလောက် ဖြစ်နေတယ်"** ဟု အခက်အခဲများကို ရှင်းပြသည်။

ဆောင်းရာသီ၏ ပြင်းထန်သည့်ရာသီဥတုဒဏ်ကြောင့်လည်း စစ်ရှောင်ပြည်သူများ၏ ကျန်းမာရေးအခြေအနေ ဆိုးရွားလာသည်။ သန့်ရှင်းသည့်ရေနှင့် နေရာထိုင်ခင်း မရရှိခြင်းကြောင့် အအေးမိခြင်း၊ ချောင်းဆိုးခြင်းနှင့် ဝမ်းပျက်ခြင်းများကို ခံစားနေရပြီး သွေးဝမ်းပါသည့် လူနာများလည်း ရှိနေသည်။

**"အစားအစာနဲ့ ဆေးဝါးကတော့ အလိုအပ်ဆုံးပဲ။ အအေးဒဏ်ကြောင့် အတော်များများက တုပ်ကွေးဖြစ်နေကြတယ်။ အစားအစာနဲ့ ရေကလည်း မသန့်တော့ ဝမ်းပျက်ဝမ်းလျှောတွေလည်း ဖြစ်နေတယ်။ အအေးဒဏ်ကို အံတုဖို့ဆိုရင်**

**အဝတ်အထည်၊ စောင်နဲ့ ယာယီတဲတွေ လိုမယ်"** ဟု နွေဦးမေတ္တာအဖွဲ့မှ လူသားချင်းစာနာထောက်ထားမှုလုပ်သားတစ်ဦးက ပြောသည်။

ထားဝယ်-မြိတ်ကားလမ်းတလျှောက်တွင် ဖြစ်ပွားနေသည့် တိုက်ပွဲများက အနီးအနားဒေသကို စစ်မြေပြင်အဖြစ် ပြောင်းလဲခဲ့သည်။ အသွားအလာကန့်သတ်ခြင်း၊ မတရားဖမ်းဆီးခြင်းနှင့် မိသားစုဝင်များ ပျောက်ဆုံးခြင်းများ ဖြစ်ပွားနေသည်။

၎င်းပြင် ရေဖြူမြို့နယ် ဖောင်းတောကျေးရွာတွင် စစ်ရှောင်နေသည့် ပြည်သူများကို ထောက်ခံစာများ လုပ်ခိုင်းနေကြောင်း ဒေသခံများက ပြောသည်။ စစ်ကောင်စီခန့်အုပ်ချုပ်ရေးမှူးများက ရေဖြူမြို့နယ် ဓာဒီကျေးရွာမှ စစ်ရှောင်ပြည်သူများကို ဒီဇင်ဘာလ နောက်ဆုံးအပတ်တွင် အချက်အလက်များအသေးစိတ်ကို ရေးဖြည့်ခိုင်းခဲ့သည်။

နာမည်၊ နေထိုင်ခဲ့သည့်နေရာ၊ ယခုလက်ရှိနေရာနှင့် ဓာတ်ပုံစသည့် အသေးစိတ်အချက်အလက်များ ပါဝင်သည်။ အဆိုပါအချက်အလက်မိတ္တူကို မောရဝတီရေတပ်စခန်းဌာနချုပ်၊ မော်ကြီးကျေးရွာရှိ ပျူစောထီးစခန်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးပို့ခဲ့သည်။

အဆိုပါထောက်ခံချက်ပြုလုပ်ရာတွင်လည်း တစ်စောင်လျှင် ငွေကျပ် (၅,၀၀၀) မှ (၂၀,၀၀၀) အထိ ပေးဆောင်ခဲ့ရသည်ဟု ဒေသခံများက ပြောသည်။

**"ဓာဒီကျေးရွာက စစ်ရှောင်တွေကို အတင်းမှတ်ပုံတင်ခိုင်းတယ်။ ပုံစံကတော့ ဧည့်စာရင်းပုံစံလိုပဲ။ အခကြေးငွေကတော့ သတ်သတ်မှတ်မှတ် မရှိဘူး။ (၅,၀၀၀) ကနေ (၂၀,၀၀၀) အထိ ပေးနေရတယ်"** ဟု ကိုယ်တိုင်ကြုံတွေ့ခဲ့သူ စစ်ရှောင်ပြည်သူတစ်ဦးက ပြောသည်။

ယခုဖြစ်စဉ်သည် ပထမဆုံးအကြိမ် မဟုတ်ချေ။ ၂၀၂၄ အောက်တိုဘာလတွင်လည်း ဖောင်းတော ကျေးရွာအုပ်စုရှိ စစ်ရှောင်ပြည်သူများနှင့် ရာဘာခြံလုပ်သားများကို ငွေကျပ် (၂၀,၀၀၀) တောင်းခံပြီး ထောက်ခံစာ အတင်းအဓမ္မလုပ်ခိုင်းခဲ့ဖူးသည်။

ဖောင်းတော၊ သဲချောင်း၊ အုန်းပင်ကွင်းနှင့် ကံပေါက်ကျေးရွာများရှိ ယာယီစစ်ရှောင်စခန်းများတွင် နေထိုင်နေသည့် စစ်ရှောင်ပြည်သူများကို ဧည့်စာရင်းတိုင်ကြားရန် လိုသည်ဟု အုပ်ချုပ်ရေးမှူးများက အကြပ်ကိုင်သည်။ တိုင်ကြားရန် ပျက်ကွက်ပါက ဒေသခံပြည်သူများက တာဝန်ယူရမည်ဟု အုပ်ချုပ်ရေးမှူးများက ပြီးခဲ့သည့်နှစ်တွင် ပြောကြားခဲ့ဖူးသည်။

၂၀၂၄ ခုနှစ်နှင့် ဒီဇင်ဘာလများတွင် တိုက်ပွဲ (၂) ကြိမ် ဖြစ်ပွားခဲ့ပြီးနောက် တိမ်းရှောင်ရမှုများ ရှိလာခဲ့သည်။ ကျေးရွာ (၅) ရွာမှ ဒေသခံပြည်သူများသည် ဘေးလွတ်ရာထွက်ပြေးတိမ်းရှောင် နေရသည်။

မလိုအပ်သော အုပ်ချုပ်ရေးဆိုင်ရာကိစ္စများနှင့် ငွေကြေးတောင်းခံခြင်းများကြောင့် စစ်ရှောင် ပြည်သူများသည် ဝန်ထုပ်ဝန်ပိုး ပိုခဲ့ရသည်။ တိုက်ပွဲကြောင့် နေအိမ်နှင့် အသက်မွေးလုပ်ငန်းများ ဆုံးရှုံးပြီးနောက် အသက်ရှင်နေထိုင်နိုင်ရန် အတွက်ပင် ရုန်းကန်နေရချိန်တွင် တစ်ပူပေါ်နှစ်ပူဆင့် ဖြစ်နေရသည်။

လေကြောင်းတိုက်ခိုက်မှုကလည်း ပြည်သူတို့၏ အသက်လုံခြုံမှုကို ဆက်လက်ခြိမ်းခြောက်နေသည်။ ကွမ်းချောင်းကြီးကျေးရွာကို စစ်ကောင်စီက တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ တိုက်လေယာဉ်ဖြင့် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ကြောင်း ထားဝယ်မြို့နယ် ဘန်ချောင်း ဒေသခံများက ပြောသည်။ ဇန်နဝါရီလ (၇) ရက်နေ့ မနက် (၁၁) နာရီ (၄၅) မိနစ်အချိန်တွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ပြီး တိုက်လေယာဉ်များက မေတ္တာမြို့တောင်ဘက်ရှိ ကျေးရွာကို ဗုံး (၂) လုံး ကြဲချခဲ့သည်။

**"တိုက်လေယာဉ်နဲ့ကို ဗုံးကြဲတာ။ ကျေးရွာဘောလုံးကွင်းနားက ရွာသား (၂) ယောက် ထိသွားတယ်။ ဒီနေရာက တိုက်ပွဲနေရာ မဟုတ်ဘူးလေ။ စစ်ရှောင်ပြည်သူတွေပဲ ရှိတာ"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ဗုံးကြဲတိုက်ခိုက်မှုကြောင့် ကျေးရွာအတွင်းရှိ နေအိမ်အများအပြား ထိခိုက်ပျက်စီးခဲ့သည်။ အမျိုးသား (၁) ဦးနှင့် အမျိုးသမီး (၁) ဦးလည်း ထိခိုက်ဒဏ်ရာရခဲ့သည်။ အမျိုးသမီးသည် ဘယ်ဘက်လက်မောင်းတွင် ထိခိုက်ခဲ့ပြီး အမျိုးသားသည် ရင်ဘတ်၊ ခြေထောက်နှင့် ဘယ်ဘက်လက်တို့တွင် ထိခိုက်ခဲ့သည်။

၎င်းပြင် ကျောက်မိချောင်းရဲစခန်းမှ စစ်ကောင်စီတပ်ဖွဲ့ဝင် အင်အား (၁၀၀) ကျော်သည်လည်း ပြီးခဲ့သည့် (၆) ရက်ကတည်းက လက်နက်နှင့် ရိက္ခာများ ယူဆောင်လာပြီး ရောက်ရှိလာကြောင်း ဒေသခံများက ပြောသည်။ တိုက်ပွဲကြောင့် ဒေသခံပြည်သူများသည် ကြောက်ရွံ့နေကြပြီး နောက်ထပ်တိုက်ပွဲများ ပြင်းထန်လာမည်ကိုလည်း စိုးရိမ်နေကြသည်။

ဇန်နဝါရီလ (၁၃) ရက်နေ့ မနက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီ၏ တိုက်လေယာဉ်များက တနင်္သာရီမြို့နယ် တကူကျေးရွာကို ဗုံးကြဲခဲ့ရာ ဒေသခံပြည်သူ (၅) ဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ် (၄) လုံး ပျက်စီးခဲ့သည်။ မနက် (၈) နာရီခွဲတွင် တိုက်ပွဲဖြစ်ပွားခြင်း မရှိသော်လည်း တကူကျေးရွာကို ဗုံး (၂) လုံး ကြဲချခဲ့သည်။ တကူရဲစခန်းအနီးတွင် ဖြစ်ပွားခဲ့သည့် ပထမဦးဆုံးအကြိမ် လေကြောင်းတိုက်ခိုက်မှု ဖြစ်သည်။

အဆိုပါပထမဆုံးလေကြောင်းတိုက်ခိုက်မှုကြောင့် အသသက် (၃၅) နှစ်အရွယ် အမျိုးသမီးတစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။ နေအိမ် (၂) လုံးလည်း ပျက်စီးခဲ့သည်။

မနက် (၉) နာရီ (၄၅) မိနစ်အချိန်ခန့်တွင် ဒုတိယအကြိမ်ဗုံးကြဲမှုအဖြစ် စာသင်ကျောင်းနှင့် သားငါးဈေးအနီးရှိ သံတိုက်ကျေးရွာ ရွာလယ်ခေါင်ကို ဗုံးကြဲခဲ့သည်။ ဗုံး (၂) လုံး ကြဲချခဲ့ပြီး (၁) လုံး ပေါက်ကွဲခဲ့သည်။ အမျိုးသမီး (၃) ဦးနှင့် အမျိုးသား (၁) ဦး ထိခိုက်ဒဏ်ရာရပြီး နေအိမ် (၂) လုံး ပျက်စီးခဲ့သည်။

**“လက်မောင်း၊ လက်ဖဝါးနဲ့ ခေါင်းတွေမှာ ဗုံးစထိမှန်သွားတယ်”** ဟု ဒေသခံတစ်ဦးက ပြောသည်။

မပေါက်ကွဲသေးသည့် ဗုံးသည် ကျေးရွာတွင် ကျန်ရစ်နေပြီး ဒေသခံပြည်သူတို့၏ အသက်လုံခြုံမှုကို ဆက်လက်ခြိမ်းခြောက်နေသည်။

ဇန်နဝါရီလ (၉) ရက်နေ့တွင် ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာကို လေကြောင်းတိုက်ခိုက်မှု (၂၃) ကျော် လုပ်ဆောင်ပြီး ဗုံးအလုံး (၇၀) ကျော် ကြဲချခဲ့ကြောင်း မြိတ်ခရိုင် အမှတ် (၁) ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့က ထုတ်ပြန်သည်။ လေကြောင်းတိုက်ခိုက်မှု မကြာခဏလုပ်ဆောင် နေခြင်းကြောင့် ဒေသခံပြည်သူများ ထွက်ပြေးတိမ်းရှောင်နေရသည်။ စစ်ကောင်စီက နေအိမ်များ၊ စာသင်ကျောင်းများနှင့် လူနေနေရာများကို ပစ်မှတ်ထား တိုက်ခိုက်နေသဖြင့် ဒေသခံ ပြည်သူများသည် အကြောက်တရားနှင့် နေထိုင်နေရသည်။

ဇန်နဝါရီလ (၁၁) ရက်နေ့တွင် တနင်္သာရီတိုင်း ပုလောမြို့နယ် ဇရပ်ဆိပ်ကျေးရွာရှိ နေအိမ် (၅) လုံးနှင့် ရာဘာခြံကေ (၅၀) ကျော်ကို စစ်ကောင်စီတပ်သားများက မီးရှို့ဖျက်ဆီးခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက ပြောသည်။

အင်အား (၁၂၀) ပါ စစ်ကြောင်းက ပါဒစက်တော်ရာဘုရားမှ တပိုဆယ်အိမ်စုကျေးရွာဘက်သို့ ချီတက်လာသည်။ နေ့ခင်း (၁) နာရီတွင် တော်လှန်ရေးပူးပေါင်းတပ်တို့က စစ်ကြောင်းကို ဒရုန်းဖြင့် တိုက်ခိုက်ခဲ့သည်။ ၎င်းနောက် စစ်သားများက ၎င်းတို့ချီတက်ရာလမ်းကြောင်းတလျှောက်ရှိ နေအိမ်များနှင့် ရာဘာခြံများကို မီးတင်ရှို့ခဲ့သည်။

**“စစ်ကြောင်းအတိုက်ခံရလို့ ပြန်ဆုတ်သွားတဲ့လမ်းကြောင်းတလျှောက်ကို မီးရှို့သွားတာ။ တပိုဆယ်အိမ်စုနဲ့ စက်တောရာကြားက အိမ်တွေ ခြံတွေကို မီးရှို့သွားတာ”** ဟု ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးက ပြောသည်။

ဆုတ်ခွာချိန်တွင် တပိုဆယ်အိမ်စုမှ ရွာသား (၂) ဦးကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားသည်။ ယခုကဲ့သို့သော ဖျက်ဆီးမှုသည် ဇရပ်ဆိပ်ကျေးရွာတွင် ပထမဆုံးဖျက်ဆီးမှု မဟုတ်ချေ။ ၂၀၂၄ နိုဝင်ဘာလတွင်လည်း ကျောင်းနိမ့်ကျေးရွာတွင် တိုက်ခိုက်ခံရပြီး ကျဆုံးမှုရှိခဲ့သည့် စစ်ကောင်စီတပ်က နေအိမ် (၁၀) လုံးကို မီးရှို့ဖျက်ဆီးခဲ့သည်။

တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသဖြင့် ဒေသခံပြည်သူများသည် ထွက်ပြေးတိမ်းရှောင်နေရသည်။ နေအိမ်များ ထိခိုက်ပျက်စီးပြီး မိသားစုများ တကွဲတပြားဖြစ်နေသည်။ သက်မွေးဝမ်းကျောင်းမှု လုပ်ငန်းများလည်း ပျက်စီးသွားခဲ့ရသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ (၁၈) ရက်နေ့တွင် စစ်ကောင်စီ၏လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ တနင်္သာရီတိုင်း ထားဝယ်ခရိုင် ရေဖြူမြို့နယ် နတ်ကြည့်စင်ကျေးရွာအုပ်စု စိန်ဘုံကျေးရွာမှ ရာဘာခြံ (၂) ခြံလည်း မီးလောင်ပျက်စီးခဲ့သည်။

ကံပေါက်အခြေစိုက် မော်ရဝတီရေတပ်စခန်းဌာနချုပ်က စိန်ဘုံကျေးရွာတွင် ပြည်သူ့ကာကွယ်ရေး တပ်ဖွဲ့များ လှုပ်ရှားနေသည်ဟုဆိုကာ လက်နက်ကြီးဖြင့် (၂) ကြိမ် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ လက်နက်ကြီးသည် ရွာအပြင်ဘက်ရှိ ရာဘာခြံများတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ပျက်စီးဆုံးရှုံးမှု ကြီးမားခဲ့သည်။

ပေါက်ကွဲမှုကြောင့် ရာဘာအစေးခြစ်နေသူ အသက် (၃၅) နှစ်အရွယ် မအေးစိန်သည် ထိခိုက်ဒဏ်ရာရခဲ့သည်။

**"PDF တွေက ရွာထဲကိုလာပြီး ထမင်းလာစားလေ့ရှိတယ်။ အဲဒါကို စစ်တပ်က သတင်းရလို့ လှမ်းပစ်တာ။ ကံကောင်းတယ်ပြောရမယ်၊ လက်နက်ကြီးက ရွာထဲကို တိုက်ရိုက်မကျဘူး။ ဒါပေမဲ့ မအေးစိန်ကတော့ ခြံမှာအလုပ်လုပ်နေရင်း ဒဏ်ရာရသွားတယ်"** ဟု ဒေသခံတစ်ဦးက ပြောသည်။

ပေါက်ကွဲမှုကြောင့် (၁၀) ဧကစီရှိသည့် ရာဘာခြံ (၂) ခြံလည်း မီးလောင်ပျက်စီးခဲ့သည်။ စစ်ကောင်စီ၏ လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုများကြောင့် ဒေသခံပြည်သူများမှာ အကြောက်တရားနှင့် မသေချာမှုများကို ခံစားနေရပြီး စိုးရိမ်ပူပန်မှုများ မြင့်တက်နေသည်။ ဒဏ်ရာရသူ မအေးစိန်ကို ရာဖူးကျေးရွာဆေးပေးခန်းတွင် ဆေးကုသမှုပေးလျက်ရှိသည်။

၂၀၂၅ ဇန်နဝါရီလ (၁၅) ရက်နေ့တွင်လည်း မော်ရဝတီရေတပ်က တိုက်ပွဲဖြစ်ပွားခြင်း မရှိဘဲ နတ်ကြီးနှင့် အနီးအနားကျေးရွာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။ ပစ်ခတ်မှုကြောင့် မသန်စွမ်းသူ သက်ကြီးပိုင်းအမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

၂၀၂၄ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် လက်နက်ကြီးရမ်းသမ်းပစ်ခတ်မှုကြောင့် အရပ်သားပြည်သူ (၇၄) ဦး သေဆုံးပြီး (၁၆၈) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အချက်အလက်များအရ သိရှိရသည်။ စစ်ကောင်စီက စစ်ကြောင်းထိုးရာတွင် အရပ်သားပြည်သူများကို ပစ်မှတ်ထား နေသဖြင့် ဒေသခံပြည်သူများသည် အသက်

အန္တရာယ်နှင့် သက်မွေးဝမ်းကျောင်းအကြပ်အတည်းကို ရင်ဆိုင်နေရသည်။

လက်နက်ကြီးပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းနှင့် ထွက်ပြေးတိမ်းရှောင်ရခြင်းများသာမက ရာဘာခြံကဲ့သို့သော အရေးပါသည့်စိုက်ပျိုးရေးလုပ်ငန်းများလည်း ထိခိုက်ပျက်စီးခဲ့သည်။ ၎င်းပြင် လူသားချင်းစာနာထောက်ထားမှုအကြပ်အတည်းကိုလည်း ပိုမိုဆိုးရွားစေသည်။ ဒေသခံပြည်သူများ သည် မည်သည့်အချိန်တွင် တိုက်ခိုက်ခံရမည်ဟူသော မသေချာသည့်အခြေအနေအောက်တွင် အကြောက်တရားများနှင့် နေထိုင်နေရသည်။

တနင်္သာရီတောင်ပိုင်း ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာမှ ဒေသခံပြည်သူများ သည် အိမ်ထောင်စုတွင် အမျိုးသား (၁) ယောက် ရှိပါက ငွေကျပ် (၅၀,၀၀၀) ပေးဆောင်နေရသည်။ အဆိုပါ ငွေကြေးကို စစ်မှုထမ်းဥပဒေကြောင့် ကောက်ခံနေခြင်း ဖြစ်သည်ဟု မွန်ပြည် လူ့အခွင့်အရေးဖောင်ဒေးရှင်းက တွေ့ဆုံမေးမြန်းခဲ့သူများက ဖြေကြားခဲ့သည်။

၂၀၂၅ ဇန်နဝါရီလ ဒုတိယအပတ်တွင် ကော့သောင်းမြို့နယ်များမှ ဒေသခံပြည်သူများ သည် တစ်ရပ်ကွက်လျှင် အမျိုးသား (၃) ဦးမှ (၅) ဦးအထိကို စစ်မှုထမ်းရန်အတွက် ပေးပို့ရမည်ဟု အုပ်ချုပ်ရေးမှူးများက ပြောကြားခဲ့သည်။

ထိုသို့အမိန့်ထုတ်ပြန်ပြီးနောက် ၂၀၂၅ ဇန်နဝါရီလ (၁၃) ရက်နေ့တွင် ဆယ်မိုင် ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမျိုးအောင်က ရွာသားများကို အစည်းအဝေးခေါ်ပြီး ငွေကြေးကောက်ခံခဲ့သည်။ အိမ်ထောင်စုတွင် အမျိုးသား (၁) ယောက် ရှိပါက စစ်မှုထမ်းအစားထိုးရန်အတွက် ငွေကျပ် (၅၀,၀၀၀) ပေးရမည်ဟု ဆိုသည်။ အဆိုပါ ကောက်ခံမှုသည် နိုင်ငံခြားသို့ သွားရောက် အလုပ်လုပ်နေသူများနှင့် ကျေးရွာတွင် မရှိသူများအတွက်လည်း အကျုံးဝင်သည်ဟု ဆိုသည်။

ဒေသခံတစ်ဦးက “ကျွန်တော်တို့ရွာက စစ်မှုထမ်း (၅) ယောက် ပေးရမယ်လို့ ပြောတယ်။ လူပေးပို့မယ့်အစား ယောက်ျားလေးရှိတဲ့အိမ်တိုင်းကို ပိုက်ဆံကောက်တယ်။ ယောက်ျားလေး (၅) ယောက်ရှိတဲ့ မိသားစုဆို တစ်ယောက် (၅၀,၀၀၀) နဲ့ (၅) ယောက် စလုံးအတွက် ပေးရမယ်။ နိုင်ငံခြားမှာရှိတဲ့သူအတွက်ပါ မိသားစုက ပေးရမှာ” ဟု ပြောသည်။

ဆယ်မိုင်ကျေးရွာတွင် ရပ်ကွက် (၈) ခု ရှိပြီး အုပ်ချုပ်ရေးမှူးနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအဖွဲ့ဝင် ဦးဝင်းကျော်တို့က ငွေကြေးကောက်ခံနေသည်။ ငွေကြေးကောက်ခံမှုသည် စစ်ကောင်စီ၏မူဝါဒ မဟုတ်ဘဲ ရပ်ရွာ၏အစီအစဉ်သာ ဖြစ်ကြောင်း ၎င်းတို့က ပြောသည်။

ငွေကြေးကောက်ခံမှုကို ဇန်နဝါရီလ (၁၆) ရက်နေ့တွင် စတင်ကောက်ခံခဲ့ကြောင်း ဒေသခံများက ပြောသည်။ လိုအပ်သည့် စစ်မှုထမ်းအရေအတွက်ကို မပေးပို့နိုင်ပါက အုပ်ချုပ်ရေးအဖွဲ့ကို ပြင်းထန်စွာ အပြစ်ပေးမည်ဖြစ်ကြောင်း စစ်တပ်က ခြိမ်းခြောက်ထားသည်ဟု ဒေသခံများက ပြောသည်။ ထို့ကြောင့် ညဘက်ကင်းလှည့်ခြင်းနှင့် ယာဉ်များကို စစ်ဆေးခြင်းများ ပိုမိုလုပ်ဆောင်လာသဖြင့် ဒေသခံလူငယ်များသည် မတရားဖမ်းဆီးခံရပြီး အဓမ္မစစ်မှုထမ်းရမည်ကို ကြောက်ရွံ့နေကြသည်။

လူငယ်အများစုသည် အခြားဒေသသို့ ထွက်ပြေးတိမ်းရှောင်သွားကြပြီး တချို့မှာ လူမြင်ကွင်းမှ ပုန်းကွယ်နေကြသည်။

**"တချို့လူငယ်တွေက နယ်စပ်ဘက်ကို ပြေးသွားကြတယ်။ တချို့က ခြံထဲ လယ်ထဲမှာ ပုန်းနေကြတယ်။ တချို့ကတော့ ညဘက်အပြင်မထွက်ရဲတော့ဘဲ အိမ်ထဲမှာပဲ နေ,နေကြတယ်"** ဟု ရွာသားတစ်ဦးက ပြောသည်။

ကော့သောင်းမြို့နယ်တွင် ကျေးရွာပေါင်း (၂၀) ကျော် ရှိပြီး မြို့ပေါ်ရပ်ကွက် (၅) ခုတွင် စစ်တပ်က စစ်မှုထမ်းအရေအတွက်ကို ဖိအားပေးတောင်းခံထားသဖြင့် လုံခြုံရေးတင်းကြပ်ထားသည်။ ဒေသခံပြည်သူများသည် စစ်တပ်၏ မတရားသည့်မူဝါဒအောက်တွင် အကြောက်တရားနှင့် နေထိုင်နေရသည့်အပြင် နွမ်းပါးသည့်မိသားစုများအနေဖြင့် ငွေကြေးဆိုင်ရာဝန်ထုပ်ဝန်ပိုးများကိုပါ ထမ်းဆောင်နေရသည်။

ယခုလကုန်ပိုင်း ဇန်နဝါရီလ (၂၂) ရက်နေ့တွင် တနင်္သာရီမြို့နယ်မှ ကလေးငယ် (၂) ဦး အပါအဝင် ဒေသခံပြည်သူ (၇) ဦးသည် စစ်ကောင်စီ၏လက်နက်ကြီးကြောင့် ထိခိုက်ဒဏ်ရာရခဲ့သည်။ တိုက်ခိုက်မှုသည် ပဝနှင့် အရှေ့သာရဖုံကျေးရွာများတွင် ဖြစ်ပွားခဲ့ပြီး အခြားရွာသားအများအပြား ထိခိုက်ကာ နေအိမ်များလည်း ပျက်စီးခဲ့သည်။

မော်တုန်းအခြေစိုက် အမှတ် (၃၀၆) အမြောက်တပ်ရင်းက ညသန်းခေါင်ယံအချိန်တွင် ပဝကျေးရွာကို ၁၂၀-မမ လက်နက်ကြီး (၄) လုံး ပစ်ခတ်ခဲ့ပြီး အရှေ့သာရဖုံကျေးရွာကို လက်နက်ကြီး (၃) လုံး ပစ်ခတ်ခဲ့သည်။ ပဝကျေးရွာမှ အမျိုးသမီး (၃) ဦး၊ အမျိုးသား (၃) ဦးနှင့် ကလေးငယ် (၂) ဦးနှင့် အရှေ့သာရဖုံကျေးရွာမှ အမျိုးသမီး (၁) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

ဒဏ်ရာရသူများအနက် ပဝကျေးရွာမှ အမျိုးသား (၁) ဦးနှင့် အရှေ့သာရဖုံကျေးရွာမှ အမျိုးသမီး (၁) ဦးသည် ဒဏ်ရာပြင်းထန်နေသည်။ ၎င်းပြင် ပဝကျေးရွာမှ နေအိမ် (၂) လုံးနှင့် အရှေ့သာရဖုံကျေးရွာမှ နေအိမ် (၂) လုံး ထိခိုက်ပျက်စီးခဲ့သည်။

တနင်္သာရီမြို့နယ်တွင် စစ်ကောင်စီက စစ်ရေးအရှိန်မြှင့်နေသဖြင့် ဒေသတွင်းတင်းမာမှုများ မြင့်တက်နေသည်။ တော်လှန်ရေးအင်အားစုများနှင့်လည်း တိုက်ပွဲများ မကြာခဏ ဖြစ်ပွားနေသည်။ အကြမ်းဖက်မှုများ၊ လက်နက်ကြီးပစ်ခတ်မှုများ

နှင့် စစ်ကြောင်းထိုးမှုများ မြင့်တက်လာသဖြင့် ဒေသခံပြည်သူများမှာ အကြောက်တရားအောက်တွင် နေထိုင်နေရသည်။ အသက်အန္တရာယ် ကြုံတွေ့နေရပြီး သက်မွေးဝမ်းကျောင်းလုပ်ငန်းများလည်း ပျက်စီးဆုံးရှုံးနေရသည်။

# အရေးပါသည့်တွေ့ရှိချက်များ

၁. ငွေကြေးဖောင်းပွလာမှုက ပြည်သူလူထုကို အကြီးအကျယ်ထိခိုက်စေပြီး ၎င်းတို့သည် အခြေခံစားသောက်ကုန်များကိုပင် ဝယ်ယူရန် ခက်ခဲလာသည်။

၂. မွန်ပြည်နယ်တစ်ဝန်းလုံးတွင် သက်ငယ်လိင်ပိုင်းအကြမ်းဖက်မှုများ ပိုမိုဖြစ်ပွားလာပြီး အာဏာပိုင်များက အရေးယူဆောင်ရွက်မှုမရှိကြောင်း မွန်အမျိုးသမီးအဖွဲ့များက သတိပေးထုတ်ပြန်ထားသည်။

၃. လက်နက်ကိုင်တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာတိမ်းရှောင်မှုများ ဖြစ်ပေါ်နေပြီး နယ်မြေမတည်ငြိမ်မှုနှင့် စစ်ရေးတင်းမာနေမှုတို့က ပြည်သူများကို အိုးအိမ်စွန့်ခွာရန် ဖိအားပေးနေသည်။

၄. ရဲတပ်ဖွဲ့ဝင်များနှင့် စစ်တပ်လက်ကိုင်တုတ် ပြည်သူ့စစ်အဖွဲ့ဝင်များက တစ်အိမ်တက်တစ်အိမ်ဆင်း စစ်ဆေးနေပြီး ၎င်းတို့အလိုရှိသည့်သူများကို ဖမ်းဆီးနေသည်။

၅. အရေးပါသည့်လမ်းမတစ်လျှောက်တွင် တပ်စွဲထားသည့် စစ်ကောင်စီ၏ဂိတ်စခန်းများက ခရီးသွားပြည်သူများ၏ မော်တော်ဆိုင်ကယ်များ၊ လက်ကိုင်ဖုန်းများနှင့် ငွေကြေးဥစ္စာများကို သိမ်းယူနေသည်။ ကိုယ်ပိုင်ပစ္စည်းများကို ပြန်လည်ရရှိရန် ပြည်သူများက လာဘ်ငွေများ ပေးနေရသည်။ သို့သော် ပြည်သူအများစုမှာ လာဘ်ငွေပေးရန် မတတ်နိုင်ကြချေ။

၆. ညှဉ်းပန်းနှိပ်စက်ခြင်းသည် အချက်အလက်ကောက်ခံစုဆောင်းသည့်ဒေသများနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး သတင်းအချက်အလက်ရယူရန် စစ်ကောင်စီက ကျင့်သုံးနေသည့် ရက်စက်ကြမ်းကြုတ်သည့်နည်းလမ်းဖြစ်သည်။

၇. မြန်မာနိုင်ငံအတွင်း ဖြစ်ပွားနေသည့်အခြေအနေများ သိသိသာသာပြောင်းလဲသွားရန် ကုလသမဂ္ဂနှင့် အာစီယံအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းများက လုံလောက်စွာ ဖိအားမပေးနိုင်ကြချေ။ နိုင်ငံတကာအသိုင်းအဝိုင်းများအနေဖြင့် မြန်မာ့အရေးကို အထူးအာရုံစိုက်ပြီး စစ်ကောင်စီကို တာဝန်ခံမှုရှိလာစေရန် လုပ်ဆောင်ရမည်ဖြစ်သည်။

၈. ပြစ်ဒဏ်မှကင်းလွတ်ခွင့်ကို တပ်မတော်အမည်ခံ စစ်တပ်က ဆက်လက်ရရှိနေပြီး အဆိုပါအခြေအနေကပင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက်ကျူးလွန်ရန် စစ်တပ်ကို အားပေးနေသည်။

၉. စစ်တပ်၏ပစ်မှတ်ထားတိုက်ခိုက်မှုတွင် ကလေးသူငယ်များလည်း ပါဝင်နေပြီး ကလေးသူငယ်များမှာ အစားအစာ၊ ပညာရေး၊ ဆေးကုသခွင့်နှင့် လုံခြုံစွာအသက်ရှင်နေထိုင်ခွင့်စသည့် အခြေခံအခွင့်အရေးများကို ဆုံးရှုံးနေသည်။

၁၀. မတရားဖမ်းဆီးခြင်းနှင့် တရားဥပဒေနှင့်မကိုက်ညီသော ထိန်းသိမ်းချုပ်နှောင်မှုများကို စစ်တပ်ကဆက်လက်လုပ်ဆောင်နေသည်။ ရှာဖွေခွင့်ဝရမ်း မပါရှိဘဲ ဝင်ရောက်စီးနင်းရှာဖွေခြင်းနှင့် လူနေကျေးရွာနှင့် ရပ်ကွက်များအတွင်းသို့ လက်နက်ကြီး လက်နက်ငယ်များဖြင့် ရမ်းသမ်းပစ်ခတ်ခြင်းများကို ပြုလုပ်နေသည်။

# တိုက်တွန်းတောင်းဆိုချက်များ

## နိုင်ငံတကာအစိုးရများနှင့် အဖွဲ့အစည်းများသို့

### ၁) တိကျသည့် အရေးယူပိတ်ဆို့မှုများ ချမှတ်ခြင်း

စစ်ခေါင်းဆောင်များ၊ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တိုက်ရိုက်ပါဝင်ပတ်သက်နေသူများ၊ စစ်ကောင်စီကို ဘဏ္ဍာရေးထောက်ပံ့ပေးနေသူများ၊ မြန်မာနိုင်ငံမှ သဘာဝဓာတ်ငွေ့ ထုတ်ယူခြင်းနှင့် ရောင်းချခြင်းတို့တွင် ပါဝင်လုပ်ဆောင်နေသူများကို အရေးယူပိတ်ဆို့မှုများ တိုးမြှင့်ချမှတ်ရမည်။

### ၂) တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် လက်နက်ရောင်းဝယ်မှု ပိတ်ပင်ခြင်း

ပြည်သူလူထုနှင့် လူနည်းစုတိုင်းရင်းသားများကို အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုနေသည့် လက်နက်ပစ္စည်းများ စစ်ကောင်စီလက်ဝယ်သို့ မရောက်ရှိစေရန် လက်နက်ရောင်းဝယ်မှုကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် တားမြစ်ပိတ်ပင်ရမည်။

### ၃) အပြည်ပြည်ဆိုင်ရာ တာဝန်ယူတာဝန်ခံမှုယန္တရား ပေါ်ပေါက်လာရန် အားပေးခြင်း

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုခုံရုံး ပေါ်ပေါက်လာစေရန် အားပေးရမည်။ သို့တည်းမဟုတ် နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) က စစ်ကောင်စီက ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးအရေးယူခြင်းများ လုပ်ပိုင်ခွင့်ရရန် အားပေးကူညီရမည်။ ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကဲ့သို့သော အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံပြီး လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပေါ်ပေါက်လာစေရန် တိုက်တွန်းပြောဆိုရမည်။

### ၄) နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်ခြင်း

ပဋိပက္ခနယ်မြေသို့ အကူအညီများ တိုက်ရိုက်ပေးအပ်နိုင်ခြင်း မရှိသဖြင့် နယ်စပ်ဖြတ်ကျော်အကူအညီများ ပေးအပ်နိုင်ရန် လူ့အခွင့်အရေးအဖွဲ့အစည်းများနှင့် အတူတကွ အလုပ်လုပ်ရမည်။ အကူအညီများသည် ထိခိုက်နစ်နာသူများထံသို့ အမှန်တကယ်ရောက်ရှိနိုင်ရန်အတွက် ယုံကြည်စိတ်ချရသည့် ဒေသခံအဖွဲ့အစည်းများမှတဆင့် အကူအညီများကို ပေးအပ်ရမည်။

### ၅) သန်းခေါင်စာရင်းကောက်ခံခြင်းကို လွတ်လပ်စွာစောင့်ကြည့်နိုင်ရန် ဖိအားပေးခြင်း

စစ်ကောင်စီက ကောက်ယူနေသော သန်းခေါင်စာရင်းနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်နေသည်။ ပွင့်လင်းမြင်သာမှု ရှိရန်နှင့် လူနည်းစုတိုင်းရင်းသားများ၏ ကိုယ်စားပြုမှုများ လွဲမှားမှု မရှိစေရန် အပြည်ပြည်ဆိုင်ရာ စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ရမည်။

## လူသားချင်းစာနာထောက်ထားမှုအလှူရှင်များသို့

### ၁) ဒေသခံအဖွဲ့အစည်းများကို ထောက်ပံ့မှုများ တိုးမြှင့်ခြင်း

ပကတိမြေပြင်တွင် လှုပ်ရှားနိုင်သည့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကဲ့သို့သော လူထုအခြေပြုအဖွဲ့အစည်းများကို ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်ရမည်။ မတရားစစ်မှုထမ်းခြင်း၊ အတင်းအဓမ္မရွှေ့ပြောင်းခံရခြင်းနှင့် အကြမ်းဖက်ခြင်းများ၏ သားကောင်များဖြစ်သည့် ဒေသခံပြည်သူများကို ကူညီစောင့်ရှောက်နိုင်ရန်အတွက် ကွန်ရက်များ စတင်ဖွဲ့စည်းထားရမည်။

### ၂) စိတ်ကျန်းမာရေးနှင့် ထိခိုက်ခံစားရမှုများအတွက် ပြန်လည်ထူထောင်ရေးကို ထောက်ပံ့ခြင်း

ပဋိပက္ခဒေသမှ ပြည်သူများ အထူးသဖြင့် ကလေးသူငယ်များတွင် စိတ်ပိုင်းဆိုင်ရာထိခိုက်မှုများ ရှိနေသည်ကို အသိအမှတ်ပြုပြီး အဆိုပါပြဿနာကို ဖြေရှင်းနိုင်သည့် တုံ့ပြန်မှုများကို ပြုလုပ်ရမည်။ ထိခိုက်ခံစားရမှုများမှ ပြန်လည်သက်သာနိုင်ရန်အတွက် စိတ်ပိုင်းဆိုင်ရာ ကုစားရေး အစီအစဉ် များကို အလှူရှင်များက ဘဏ္ဍာရေးထောက်ပံ့မှုများ ပြုလုပ်ရမည်။

### ၃) ပြည်သူလူထုများကို ကာကွယ်နိုင်ရန်အတွက် လိုအပ်သည့်အရင်းအမြစ်များကို ပေးအပ်ခြင်း

ဒေသခံပြည်သူများက ဖုံးခိုကျင်းများ တူးဖော်နိုင်ရန်၊ လုံခြုံစိတ်ချသည့် နေရာတစ်ခု ဖန်တီးနိုင်ရန်နှင့် ရုတ်တရက်တိုက်ခိုက်ခံရမှုများကို ကြိုတင်သတိပေးနိုင်သည့် စနစ်တစ်ခု ထူထောင်နိုင်ရန်အတွက် ဘဏ္ဍာရေးထောက်ပံ့မှုများကို ပြုလုပ်ရမည်။

## အမျိုးသားညီညွတ်ရေးအစိုးရသို့

၁) သံတမန်ရေးရာထိတွေ့ဆက်ဆံမှုများကို ခိုင်မာအားကောင်းစေခြင်း

အာဆီယံနိုင်ငံများနှင့် ဒေသတွင်းမဟာမိတ်များ၏ ကူညီထောက်ပံ့မှု ရရှိရန် အားထုတ်မှုကို မြှင့်တင်ရမည်။ အမျိုးသားညီညွတ်ရေးအစိုးရကို ဒီမိုကရေစီစံနှုန်းများကို တန်ဖိုးထားပြီး လူနည်းစုတိုင်းရင်းသားများကို ကာကွယ်ပေးသည့် တရားဝင်အစိုးရအဖြစ် ပုံဖော်ဆောင်ရွက်ရမည်။

### ၂) တိုင်းရင်းသားအဖွဲ့များနှင့် ဆက်ဆံရေး မြှင့်တင်ခြင်း

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် ဆက်ဆံရေး ပိုမိုခိုင်မာစေရန်၊ တစ်သားတည်းဖြစ်စေရန် ကြိုးပမ်းလုပ်ဆောင်ရမည်။ ဖက်ဒရယ်စနစ်ကို ကတိပြုကြောင်း သေချာစေရမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ဒီမိုကရေစီစနစ်တွင် လူနည်းစုတိုင်းရင်းသားများ၏ အခွင့်အရေးကို လေးစားရမည်။

## ၃) အရပ်သားလုံခြုံရေးဇုန် တည်ထောင်ခြင်း

အချိန်အတိုင်းအတာတစ်ခုအတွင်း အမျိုးသားညီညွတ်ရေးအစိုးရက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး နိုင်ငံတကာစောင့်ကြည့်လေ့လာသူများနှင့်အတူ အရပ်သားလုံခြုံရေးဇုန်များကို တည်ထောင်ရမည်။ အရပ်သားလုံခြုံရေးဇုန်များက အတင်းအဓမ္မ ရွှေ့ပြောင်းခံရမှုနှင့် စစ်ကောင်စီ၏ တိုက်ခိုက်မှုကြောင့် ဖြစ်ပေါ်လာသည့် ထိခိုက်သေဆုံးမှုများကို လျှော့ချပေးနိုင်မည်ဖြစ်သည်။

## ပါဝင်ပတ်သက်သူများအားလုံးသို့

၁) မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများ မီဒီယာစာမျက်နှာထက်သို့ ရောက်ရှိနိုင်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ အသိပေးခြင်း

မြန်မာနိုင်ငံရှိ လူ့အခွင့်အရေးအခြေအနေများကို ပုံမှန်တင်ပြပေးရန် နိုင်ငံတကာမီဒီယာများကို တွန်းအားပေးရမည်။ စစ်ကောင်စီ၏ အကြမ်းဖက်မှုများ၊ လူနည်းစုတိုင်းရင်းသားများကို ပစ်မှတ်ထားမှုများ၊ အတင်းအဓမ္မစစ်မှုထမ်းခိုင်းခြင်းများနှင့် လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ခြင်းများကို မီးမောင်းထိုးပြရမည်။

## ၂) လုံခြုံစိတ်ချစွာ ဆက်သွယ်လုပ်ကိုင်နိုင်ရန်အတွက် အင်တာနက်လုံခြုံရေးဆိုင်ရာ အသိပညာပေးမှုများ လုပ်ဆောင်ခြင်း

ပြည်သူလူထုနှင့် တက်ကြွလှုပ်ရှားသူများက ၎င်းတို့၏ ဆက်သွယ်ပြောဆိုလုပ်ကိုင်မှုအားလုံးကို ကာကွယ်နိုင်ရန် အင်တာနက်လုံခြုံရေးအသိပညာပေးသင်တန်းများအတွက် လိုအပ်သည့် အရင်းအမြစ်များကို ထောက်ပံ့ပေးအပ်ရမည်။ အထူးသဖြင့် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင် ထိုကဲ့သို့သောထောက်ပံ့မှုများကို တိုးမြှင့်ပေးအပ်ရမည်။

## ၃) မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ၏ အန္တရာယ်အကြောင်း အသိပညာပေးခြင်း

ပဋိပက္ခဒေသများတွင် ဒေသခံပြည်သူများ အထူးသဖြင့် ကလေးသူငယ်များကို ထိခိုက်သေဆုံးမှုဖြစ်စေသည့် မပေါက်ကွဲသေးသည့် စစ်ကျန်ပစ္စည်းများနှင့် မြေမြှုပ်မိုင်းများ၏ အန္တရာယ်အကြောင်းကို အသိပညာပေးနိုင်ရန်အတွက် ပညာပေးသင်တန်းများ စတင်နိုင်ရန် ဘဏ္ဍာရေးထောက်ပံ့မှုများ ပေးအပ်ရမည်။

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဇန်နဝါရီလ ၂၀၂၅ ခုနှစ်